မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၄၇)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၄ ရက်၊ ကြာသပတေးနေ့

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၍၊ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယ-မြန်မာချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူသားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ အိန္ဒိယရိုးရာအကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မွမ်ဘိုင်းမြို့ Chhatrapati Shivaji Magaraj အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ မဟာရာရှ်ထရာပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး H.E. Sawant နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးဇော်ဦး၊ ကောလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့်တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ✩



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၄ ရက်)

### နှစ်နိုင်ငံအတွက်ပိုမိုကောင်းမွန်သောအနာဂတ်သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ အိန္ဒိယနိုင်ငံတရားဝင်ခရီးစဉ်သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သမိုင်းစာမျက်နှာသစ်ကို အတူတကွပူးပေါင်းဖွင့်လှစ်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည့်အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မြဲလာကာ နှစ်နိုင်ငံပြည်သူများအတွက် ငြိမ်းချမ်းသာယာဝပြောသည့်ပိုမိုကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အတွက် မဟာဗျူဟာအရအရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအဖြစ်သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှု၊ ဆေးဝါးထုတ်လုပ်မှု၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများအဖြစ်သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများအဖြစ် စိုက်ပျိုးမွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးသတ်မှတ်ဖိတ်ခေါ်လျက်ရှိသည်။ ထို့ပြင်ဓာတ်မြေဩဇာ၊ဘိလပ်မြေနှင့်သံမဏိထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်စေရန် လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများထုတ်လုပ်ခြင်းနှင့် စားသုံးဆီထုတ်လုပ်ခြင်းစသည့် ကဏ္ဍများတွင်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ထားသည်။

အိန္ဒိယနိုင်ငံသည် ဆေးဝါးထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံဆေးဝါးလိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းဝန်းကျင်ကို တင်သွင်းလျက်ရှိသည်။ MSME လုပ်ငန်းများသည် မြန်မာ့စီးပွားရေး၏မောင်းနှင်အားဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့်နည်းပညာတိုးတက်မှုများကိုလည်း မြန်မာနိုင်ငံကများစွာအသိအမှတ်ပြုလျက်ရှိသည်။ စက်မှုအုပ်စုများတည်ထောင်ခြင်း၊ နည်းပညာလွှဲပြောင်းရယူခြင်းနှင့်သက်မွေးပညာသင်တန်းကျောင်းများပူးပေါင်းဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးရှိမည့် အပြောင်းအလဲကို ဖန်တီးနိုင်မည်ဖြစ်သည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုကိုသာမက အာဆီယံ-အိန္ဒိယ စီးပွားရေးစင်္ကြံကိုပါ ဖွင့်လှစ်ပေးမည့်သော့ချက်များဟု အဆိုရှိသည့် ကုလားတန်ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစသော စီးပွားရေးစင်္ကြံများတစ်လျှောက် အထူးစီးပွားရေးဇုန်များနှင့်ထောက်ပံ့ပို့ဆောင်ရေးအခြေခံအဆောက်အအုံများတွင်လည်း ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းကောင်းများရှိသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ထံ ဇွန်လ ၂ ရက်နံနက်ပိုင်းတွင် နယူးဒေလီမြို့၌ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra ကလာရောက်ဂါရဝပြုတွေ့ဆုံပြီး ကုန်သွယ်မှုလုပ်ငန်းများတွင် ငွေပေးချေမှုများပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းများပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ရူပီးနှင့်ကျပ်ငွေတိုက်ရိုက်ပေးချေနိုင်ရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံမှဘဏ်ဝန်ထမ်းများအား ဘဏ်လုပ်ငန်းစနစ်များနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှမျှဝေဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား Digital ငွေပေးချေမှုစနစ်၏ အတွေ့အကြုံများကိုမျှဝေဆောင်ရွက်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ထို့နောက်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂ ရက်နံနက်ပိုင်းတွင် နယူးဒေလီမြို့မှ မွမ်ဘိုင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ နေ့လယ်ပိုင်းတွင် မွမ်ဘိုင်းမြို့သို့ရောက်ရှိသည်။ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင်ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာခြင်း၊ ညနေပိုင်းတွင် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နှင့်တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်သမ္မတက **"မိမိတို့အနေဖြင့် ယခုဆိပ်ကမ်းသို့လာရောက်လေ့လာခဲ့ခြင်းသည် မိမိတို့နိုင်ငံ၌ ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုဆိပ်ကမ်းသည်နိုင်ငံတကာအဆင့်မီဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်းသိရှိရသဖြင့် လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ရှင်းလင်းပြသမှုများအရ ကမ္ဘာ့အဆင့် ၂၃ ရှိပြီး အိန္ဒိယနိုင်ငံတွင် အဆင့် ၁ ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးဖြစ်ပြီး PPP စနစ်ကိုကျင့်သုံးနေသည်ကိုသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းနှင့်သီလဝါဆိပ်ကမ်းနှစ်ခုရှိပြီး သီလဝါဆိပ်ကမ်းသည် အထူးစီးပွားရေးဇုန်နှင့်ချိတ်ဆက်ဆောင်ရွက်နေသည့်ဆိပ်ကမ်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိနိုင်ငံတော်ပိုင်ဆိပ်ကမ်းများကိုအဆင့်မြှင့်တင်နိုင်ရန်အတွက် ယခုဆိပ်ကမ်းသို့လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်၍ရသည်များကိုသက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားမှုများအရ ဆိပ်ကမ်း၏စွမ်းဆောင်ရည်များ မြင့်မားသည်ကိုတွေ့ရပြီး Green Area နှင့် Green Energy များ ဆောင်ရွက်ထားမှုကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ မိမိလာရောက်သည့်ခရီးစဉ်သည် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန်လာရောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြားကုန်သွယ်မှုအခန်းကဏ္ဍပိုမိုတိုးတက်လာစေရေးအတွက် မိမိတို့နိုင်ငံ၏ဆိပ်ကမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"** ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံသို့တရားဝင်ခရီးစဉ်မှာ မြန်မာနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံပြည်သူများအတွက်ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့ဦးတည်လျက်ရှိပါကြောင်း။ ။

## ပြည်သူ့စာကြည့်တိုက်၌ စာကြည့်တိုက်များရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇွန် ၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာကြည့်တိုက်များရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇွန်လ ၂ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာကြည့်တိုက်လုပ်ငန်းများအောင်မြင်စေရန်၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာကြည့်တိုက်ကို အားကိုးအားထားပြုတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများဖြစ်ပေါ်စေရန်၊ စာကြည့်တိုက်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များက ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသီးသီးဆွေးနွေးတင်ပြပြီး ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ရှိသူများကရပ်ကွက်/ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များအားပေးအပ်လှူဒါန်းကြောင်း သိရသည်။

(၄၀၂)

## ရွှေဘိုမြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

ရွှေဘို ဇွန် ၃

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအမည်ဖြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂ ရက် နံနက်ပိုင်းတွင် ရွှေဘိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ စီမံကိန်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများ၊ လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများပေးအပ်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၁၂ ဦးအား စက်ချုပ်သင်တန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံ၊ အခြေခံစက်နင်းနည်း၊ ကိုယ်တိုင်းနည်း၊ Pattern ဆွဲနည်း၊ အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုးချုပ်နည်း၊ သဘော်သားအင်္ကျီချုပ်နည်း၊ ဂါဝန်ချုပ်နည်း၊ စကပ်ချုပ်နည်း စသည်တို့ကို ဇွန်လ ၂ ရက်မှ ဇူလိုင်လ ၁ ရက်အထိ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့်လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

### သဇင်(FM)အသံလွှင့်အစီအစဉ်

၄-၆-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

### MWD Education, Knowledge & Sport Channel

၄-၆-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ ၀၇:၀၀ မှ ၀၈:၃၀ ထိ | Grade-9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ ၁၅:၃၀ မှ ၁၇:၄၈ ထိ | Grade-9 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ ၁၇:၄၈ မှ ၂၀:၁၅ ထိ | Grade-9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၄

သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ (၆၀၂၁)ပါး/ဦး အနက် (၁၁၁၇)ပါး/ဦးအောင်မြင်၍ (၁၈ ဒသမ ၅၅)ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ (၈၂၄၉)ပါး/ဦးအနက် (၂၃၇၆)ပါး/ဦး အောင်မြင်၍ (၂၈ ဒသမ ၇၉) ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ (၁၄၂၆၈)ပါး/ဦးအနက် (၄၅၂၂)ပါး/ဦး အောင်မြင်၍ (၃၁ ဒသမ ၆၉) ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ (၂၃၁၇၈)ပါး/ဦးအနက် (၁၁၄၅၃)ပါး/ဦး အောင်မြင်၍ (၄၉ဒသမ၄၁)ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ်(၂၀၂၆ ခုနှစ်)၊ အစိုးရပါဠိ ပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

ပထမကြီးတန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စက-၃ | အရှင်ဣန္ဒာစရိယာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၁၉ | အရှင်ကဝိတေဇာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၁၁ | အရှင်ဝီရာနန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၂၃၄ | မဇေဝနညာဏီလင်္ကာရ | သကျဓီတာစာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

ပထမလတ်တန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စိန်-၁ | အရှင်အာလောကာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၄၂ | အရှင်ကောဝိဒါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၂၀ | အရှင်သကျဝံသာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ပသက-၁၀၈ | မနန္ဒစာရီ | ချမ်းမြရံသီစာသင်တိုက် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

ပထမငယ်တန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ-၂၃၅ | ရှင်ဇိနောရသ | သာသနာ့ရောင်ခြည်ကျောင်း မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ညတ-၂၁ | ရှင်ပညာစက္က | တောင်ညိုကျောင်းတိုက် ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | အရှင်အဂ္ဂဝံသာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ပသက- ၁၅၃ | မပုညစာရီ | ချမ်းမြရံသီစာသင်တိုက် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

အခြေပြုမူလတန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မဟမ-၂၂ | ရှင်အရိန္ဒမ | မစိုးရိမ်တိုက်သစ် မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စိန်-၃၄ | ရှင်ဝါသဝ | ရွှာမပရိယတ္တိစာသင်တိုက်အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | တွင်း-၇၀ | ရှင်ဂုဏဝံသ | ရေပြည့်တောရကျောင်းတောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | လဝ-၁၅၀ | မဂမ္ဘီရညာဏီ | တောင်သုံးလုံးကျောင်း လယ်ဝေးမြို့နယ်၊ နေပြည်တော် |

၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲအောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website www. mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ မြဝတီ

# ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၃

၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်သည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများအား လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး ဘတ်စကက်ဘောပြိုင်ပွဲ ပွဲစဉ်များကို စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် အားကစားသမား ၁၉၆ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန်လ ၃ ရက် မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

လင်းခန့်

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၅-၆-၂၀၂၆)ရက်(သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“မိုးနဲ့တူယှဉ်”**တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၅-၆-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “မိုးနဲ့တူယှဉ်” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ချစ်မိုးဖြိုင်ဖြိုင်ရွာစေချင် | ပြင်ပအဆိုရှင် |
| ၂။ | ငြိုးမာန်ဖွဲ့ရွာတဲ့မိုး | ဌာနအဆိုရှင် |
| ၃။ | မမေ့နိုင်တာပဲခက်တယ် | တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | ဖြစ်တတ်တဲ့သဘော | ဌာနအဆိုရှင် |
| ၅။ | ရွာတော့မိုး | ပြင်ပအဆိုရှင် |
| ၆။ | အလွမ်းမိုး | ပြင်ပအဆိုရှင် |
| ၇။ | မချစ်တချစ် | ပြင်ပအဆိုရှင် |
| ၈။ | ချစ် ချစ် ချစ် | ပြင်ပအဆိုရှင် |
| ၉။ | စနေမှာရွာတဲ့မိုး | တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၀။ | မိုးနဲ့တူယှဉ် | ပြင်ပအဆိုရှင် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကမ္ဘဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

ကီမူရာကား ခတ်ပုံဆရာ မဟုတ်တော့၊ ကာနယ်အဆင့်အတန်းနှင့် တနသ်ာရီတစ်ခွင်ကို အုပ်စီးရသော ဂျပန်ဗိုလ်မှူးကြီးဖြစ်နေပေပြီ။ ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲ၌လည်း ကျွန်ုပ် မြေတိုင်းကျောင်းတက်ဖက်ဖြစ်သောမိတ်ဆွေတစ်ဦးမှာ ဗိုလ်မှူးရာထူးနှင့်ပါ၍လာ၏။ ကီမူရာနှင့် အင်စပက်တော်အဖြစ်ဖြင့် အင်္ဂလိပ်ထံမှ တစ်နှစ်တွက် လခထုတ်လိုက်ရသော ကျွန်ုပ်သည် မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးအတွက်ဟုဆိုကာ စစ်ထဲသို့ဝင်ခဲ့၏။ ကီမူရာ၏ကျေးဇူး၊ ကျောင်းနေဖက်မိတ်ဆွေတို့၏ကျေးဇူးကြောင့် စစ်တောင်းတိုက်ပွဲအပြီးတွင် ကျွန်ုပ်မှာ လက်ဖတင်နင်အဆင့်အတန်း ဗိုလ်ရာထူးကိုရခဲ့၏။ ထိုစဉ်အခါက ငယ်မည်သာကဒိုးတို့သည် အရာခံဗိုလ်ကလေးဖြစ်သည်နှင့်တစ်ပြိုင်နက်ပင် သာကဒိုးဘဝမှ ဗိုလ်ရဲဝင်းဖြစ်သွားကြပေရာ ခေတ်၏အသုံးအနှုန်းကို လိုက်နိုင်မှ အခွင့်အလမ်းသာကြောင်းကို နားလည်ထားသူ ကျွန်ုပ်သည် မောင်ကံကောင်းဘဝမှနေ၍ ညစာတစ်ပွဲပေးခြင်းအားဖြင့် (ဗိုလ်ကျော်ခေါင်) ဟူ၍ တနလ်ာသားပီပီ ကိုယ့်ကိုယ်ကိုယ် ကင်ပွန်းတပ်ခဲ့ပေသည်။

ကီမူရာသည် ကျွန်ုပ်အား များစွာယုံကြည်၏။ မော်လမြိုင်တွင် စစ်မဖြစ်မီ လေးငါးနှစ်ကစ၍ သူနှင့်ကျွမ်းဝင်ခဲ့ရာ၌ ကျွန်ုပ်၏အပေါ်တွင် ခင်မင်ရင်းနှီးစွဲ ရှိခဲ့သည်ကလည်း ရှိနေသောကြောင့် ကီမူရာသည် ကျွန်ုပ်အား ပဲခူးတိုက်ပွဲအပြီးတွင် မော်လမြိုင် ဂျပန်စစ်ရုံး၌ ဂျပန်တွဲဖက်အဖြစ် ဖြင့်ပေးပါရန် မြန်မာဗိုလ်မှူး၊ ဗိုလ်ချုပ်များထံမှ တောင်းယူ၏။ ထိုအခါ၌ မြန်မာတို့မှာ ဂျပန်တို့၏အလိုကို လိုက်စပြုသော အစအဦးအချိန်ဖြစ်ပေရာ ကီမူရာ၏အလိုပြည့်လျက် ကျွန်ုပ်မှာလည်း လက်ဖတင်နင်ဗိုလ်ဘဝမှ ကပ္ပတိန်ဗိုလ်ကြီးအဖြစ်သို့ ရာထူးတက်ခဲ့သေး၏။

ဂျပန်စစ်ရုံး၌ တွဲဖက်၍လုပ်ရသော အလုပ်မှာကား မြန်မာစစ်တပ်များ၊ မြန်မာအရပ်သူ၊ အရပ်သားများနှင့် ဂျပန်တို့ အဆက်အဆံချောမွေ့စေအောင် ကြားကဝင်၍ အောင်သွယ်ပေးရသော လိုင်ယာဆန်ခေါ် ဆက်ဆံရေးအလုပ်ဖြစ်၏။ သို့သော် ဤအလုပ်မှာ နာမည်မျှသာရှိ၍ တကယ့်အလုပ်မှာကား ဂျပန်တို့ စိတ်မထင်တိုင်း သူလျှိုဟုဆိုကာ ဖမ်းဆီးလာသောသူများကို စစ်မေးရခြင်း၊ ဂျပန်ကင်ပေတိုင်က ရိုက်နှက်စစ်ဆေး၍မရသောသူများကို မြန်မာအချင်းချင်း လှည့်၍ ချော့မော့အစ်ထုတ်ရခြင်း၊ ဂျပန်စစ်ရဲများနှင့် တွဲဖက်ပေးထားသော စကားပြန်သူငယ်ကလေးများကို အုပ်ချုပ်ရခြင်း စသော အလုပ်တို့သာလျှင် ဖြစ်ပေတော့သည်။ သို့ဖြစ်ရာ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ဂျပန်စကားကို လည်လည်ဝယ်ဝယ်ပြောတတ်သည်အထိ ကြိုးစားပမ်းစားသင်ရပေသည်။

သို့နေရင်းက တစ်နေ့တွင် ဂျပန်ကင်ပေတိုင်များသည် သူတို့ရိုက်နှက်ညှဉ်းဆဲ၍ မေးမရသောကိစ္စတစ်ခုရှိ၍ လာခဲ့ပါဟုခေါ်သောကြောင့် ကျွန်ုပ်လည်း လိုက်သွားရ၏။ မြန်မာများကို ဂျပန်တို့ ညှဉ်းဆဲချင်တိုင်း ညှဉ်းဆဲကြပုံများကား အထူးရေးဖွယ်မလိုပေ။ အားလုံးသိကြပြီးပင် ဖြစ်ကြပေသည်။ ထိုညှဉ်းပန်းနှိပ်စက်မှုများကို မျက်ဝါးထင်ထင် အမြဲမြင်နေရသောကျွန်ုပ်၌ အမြတ်တစ်ခုထွက်လာ၏။ ယင်းသည့်အမြတ်မှာကား ဘုန်းကြီးကျောင်းသားဘဝကတည်းက သံယောဇဉ်ကင်းပြတ်တတ်လာခဲ့သော ကျွန်ုပ်သည် ဂျပန်များနှင့် ပေါင်းရသောအခါ၌ လူတစ်ယောက်အား ရက်စက်စွာလက်သည်းခွာသည်ကို မြင်ရစေကာမူ စိတ်တွင်မထိခိုက်ဘဲ အသည်းနှလုံးတွင် သနားကြင်နာစိတ်ခန်းခြောက်ပျောက်ကွယ်သွားရခြင်းပင်ဖြစ်ပေသည်။

> "ကင်ပေတိုင်ရုံးသို့ရောက်သောအခါတွင် ထုံးစံအတိုင်း စစ်မေးရမည့်တရားခံကိုမတွေ့သေးမီ ဂျပန်ကင်ပေတိုင်တို့ ရိုက်နှက်၍စစ်ရာ၌ စကားပြန်လုပ်ရသော မြန်မာလူတေလူပေ စကားပြန်ကလေးများကို အရင်ဆုံးခေါ်၍ မေးစမ်းကြည့်ရ၏။ ဤသို့မေးစမ်းကြည့်၍ ကျွန်ုပ်ချော့မော့စစ်ဆေးရမည့် တရားခံ၏အကြောင်းဇာစ်မြစ်ကို တင်ကူးကာ သိထားရသောအခါမှာမှ လိုရာကိုရအောင် ချော့၍မေးရန် လွယ်ကူလေ့ရှိပေသည်..."

ကင်ပေတိုင်ရုံးသို့ ရောက်သောအခါတွင် ထုံးစံအတိုင်း စစ်မေးရမည့် တရားခံကိုမတွေ့သေးမီ ဂျပန်ကင်ပေတိုင်တို့ ရိုက်နှက်၍စစ်ရာ၌ စကားပြန်လုပ်ရသော မြန်မာလူတေလူပေ စကားပြန်ကလေးများကို အရင်ဆုံးခေါ်၍ မေးစမ်းကြည့်ရ၏။ ဤသို့မေးစမ်းကြည့်၍ ကျွန်ုပ် ချော့မော့စစ်ဆေးရမည့် တရားခံ၏အကြောင်းဇာစ်မြစ်ကို တင်ကူးကာ သိထားရသောအခါမှာမှ လိုရာကိုရအောင် ချော့၍မေးရန် လွယ်ကူလေ့ရှိပေသည်။ ထို့ကြောင့် ကျွန်ုပ်အတွက် သီးသန့်ပေးထားသောအခန်းတွင် ထိုင်ရာက သက်ဆိုင်ရာစကားပြန်ကလေးအား ခေါ်လိုက်ရ၏။ စကားပြန်ကလေး ရောက်လာသောအခါ၌ ...

"ဟေ့ ... ဘယ်သူလဲကွ ... ဒီအမှုက ..." ဟု မေးလိုက်သည်တွင် စကားပြန်ကလေးက "ဟာ ... ဗိုလ်ကြီး မသိဘူးလား၊ ဒီအမှုက စစ်တပ်ပစ္စည်းခိုးမှု မဟုတ်ဘူးဗျ၊ တော်တော်ကြီးတဲ့အမှုကြီး" ဟုဆိုသဖြင့် ကျွန်ုပ်တွင် နားထွေးသွားရကာ "ဘယ်လိုအမှုများလဲကွာ ... ... ပြောစမ်းပါဦး..." ဟု ထပ်၍မေးရသောအခါ၌ စကားပြန်သူငယ်က "ဒီလို ဗိုလ်ကြီးရဲ့၊ အခုဖမ်းထားတဲ့လူ သားအဖက တော်တော်ပိုက်ဆံရှိသတဲ့ဗျ၊ စစ်ပြေးပြီး ရန်ကုန်ဘက်ကပြန်လာတာမှာ ဘယ်သူက ဘယ်လိုတို့လိုက်သလဲ မပြောတတ်ပါဘူးဗျာ။ မြို့ထဲမှာ ခဏတည်းခိုနေရာက ကင်ပေတိုင်တွေတွေ့သွားပြီး သူ့ပစ္စည်းတွေကိုရှာကြတော့ ရေဒီယိုဘတ်သီးတစ်လုံးတွေ့တာနဲ့ပဲ ဖမ်းပြီးပိတ်ထားတာပါပဲ။ မိန်းမသားတွေကိုတော့ သူတို့တည်းခိုတဲ့အိမ်ထဲမှာပဲ ဂျပန်ကင်ပေတိုင်က အစောင့်တွေနဲ့ ခြံပြင်ဘက်မထွက်ရဆိုပြီး ပိတ်ထားသဗျ" ဟုဆို၏။ ကျွန်ုပ်လည်း ခါတိုင်းတွေ့နေကျအမှုမျိုးနှင့်မတူဘဲ အနည်းငယ်ဆန်းနေသောကြောင့် "ဘယ့်နှယ်လဲ ... မင်းလူတွေ စကားပြောနိုင်သေးရဲ့လား"ဟု ထပ်၍ မေးမိ၏။ အကြောင်းမှာ ဤသို့ဖြစ်သည်။ ဂျပန်တို့မှာ မန္တလေးကိုပင် သိမ်းပိုက်မိပြီးကြပြီဖြစ်ရာ မြန်မာတို့အပေါ်၌ အနိုင်ကျင့်ခြင်းမကကျင့်လာကြသည်။ ပိုက်ဆံရှိသူဆိုလျှင် အပြစ်မတွေ့ တွေ့အောင်ရှာ၍ လူပြန်ပေးသဘောဖြင့် ကင်ပေတိုင်ရုံးသို့ခေါ်လာ၊ တမင်ရှာထားသော ပြစ်မှုတစ်ခုခုဖြင့်စွပ်စွဲ၊ မသေမရှင်ရိုက်နှက်ညှဉ်းပန်း၊ ကင်ပေတိုင်ဗိုလ်ကို လာဘ်ထိုးမှ မြော့မြော့ကလေး အသက်မသေပြန်ရတတ်သည်။ တစ်ခါက သူလိုငါလိုလူတစ်ယောက်ကို ပိုက်ဆံချမ်းသာပါသည်ဟူ၍ တစ်ယောက်က တို့လိုက်သဖြင့် ဂျပန်ကင်ပေတိုင်တို့ကဖမ်းကာ ငွေထွက်အောင် ညှဉ်းဆဲကြသည်။ ထိုသူခမျာမှာ တကယ်ပင် ဆင်းရဲသူဖြစ်ရာ ငွေမထွက်ဘဲ အသက်သာထွက်သွားရရှာပေသည်။

ထို့ကြောင့် (ဖမ်းထားသူတွေ စကားပြောနိုင်သေးရဲ့လား) ဟု မေးရ၏။ တချို့ကား ဂျပန့်ဘွတ်ဖိနပ်ဒဏ်၊ စီးကရက်မီးဒဏ်တို့ကြောင့် စကားမပြောနိုင်အောင် မေ့မြောနေရာက သတိလစ်ကာ ရှူးသွပ်သွားသည် အထိပင်ဖြစ်ကြရ၏။ ရေး၍မဆုံးနိုင်ပြီ။

ဂျပန်လက်ချက်ဖြင့် စစ်မေး၍ မရသူတို့မှာ များသောအားဖြင့် ဖွဲ့အိတ်ပမာဖြစ်နေတတ်ကြပေရာ တချို့မှာ မြန်မာအချင်းချင်း ကျွန်ုပ်စစ်မေးမှ အကြောင်းမှန်ကို သိရ၏။ နိုရောတောခိုင်နော သီချင်းကလေးကို ဆိုတတ်ကာမျှဖြင့် စကားပြန်လုပ်ကြသော မြန်မာကြမ်းပိုးကလေးများက မတတ်တတတ်ဖြင့် ဘာသာပြန်သည်ကို ဂျပန်က တစ်မျိုးယူဆကာ အထင်လွဲ၍ ရိုက်သည်လည်းရှိ၏။ ရိုက်သဖြင့် နာနာကျင်ကျင်နှင့် စကားအယောင်ယောင်အမှားမှားပြောမိရှာကြသည်လည်းရှိ၏။ အမျိုးမျိုးအထွေထွေပါပေ။

ဤသို့ ကျွန်ုပ်မေးလိုက်သောအခါ စကားပြန်သူငယ်ကလေးက "စောစောကတော့ နှစ်ယောက်စလုံး ထိပ်ပြဲပြီး မေ့နေတာပဲခင်ဗျ။ အခုတော့ သတိရလောက်ကြရော့မယ် ... ကျွန်တော် ရေတစ်ပုံး ပက်ခဲ့တယ်" ဟု ဖြေ၏။ ကျွန်ုပ်လည်း "ကိုင်းကွာ သွားပြီးခေါ်ခဲ့စမ်းပါ ... မြန်မြန်စစ်ပြီးရင် မြန်မြန်အေးတာပဲ" ဟု ဆိုလိုက်သည်၌ စကားပြန်ကလေး ထွက်သွား၏။

သူထွက်သွားခါမှ တရားခံတို့၏အမည်ကို မမေးလိုက်မိမှန်း သတိရမိပေသည်။ သို့သော် အရေးမကြီး၊ ပိုက်ဆံရှိသည်ဟု ထင်ရသူတို့ကို ဂျပန်က သူလျှိုလုပ်သည်ဟူသောစွပ်စွဲချက်ဖြင့် အခြောက်တိုက်ဖမ်းကာ ညှဉ်းဆဲ၍ ငွေညှစ်ကြသည်မှာ ဒုနှင့်ဒေးဖြစ်ရာ ယခုကဲ့သို့ ရေဒီယိုဘတ်သီးတစ်လုံးတွေ့၍ အဖမ်းခံရသည်ဆိုသောအမှုမှာ အနည်းငယ်ဆန်းသဖြင့် တရားခံတို့ကို အမြန်အခေါ်ခိုင်းရခြင်းဖြစ်ပေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကျောင်းမုန့်ဈေးဆိုင်များ စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်

မြစ်သား ဇွန် ၃

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ကျောင်းမုန့်ဈေးဆိုင်များအား စစ်ဆေးခြင်းလုပ်ငန်းများကို ဇွန်လ ၂ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ ရေလှောင်အုတ်ကန်များအတွင်း ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ကျောင်းမုန့်ဈေးဆိုင်များ၌ရောင်းချနေသည့် အစားအသောက်နှင့် မုန့်များတွင် ဆိုးဆေးသုံးစွဲသည့်မုန့်များ၊ ရက်လွန်မုန့်များ ရောင်းချမှုရှိ၊ မရှိနှင့် မသန့်ရှင်းသော အစားအသောက်များ ရောင်းချမှုမရှိစေရန် ဆိုင်ရှင်များအား အသိပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

## နတ်မောက်မြို့နယ်၌ တောင်သူပညာပေးသင်တန်းဖွင့်လှစ်




နတ်မောက် ဇွန် ၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေးသင်တန်းကို ဇွန်လ ၂ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါတောင်သူပညာပေးသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ချိုက တောင်သူများအား နေကြာတစ်ဧကလျှင် တင်း ၅၀ ပန်းတိုင်အထွက်နှုန်းရရှိစေရန်နှင့် ဆီထွက်သီးနှံများအနက် နေကြာသည် သီးထပ်၊ သီးညှပ်ပုံစံများဖြင့် ရာသီမရွေး စိုက်ပျိုးနိုင်သော သီးနှံဖြစ်ကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန် အထူးအထွက်တိုး နေကြာမျိုးများ ပြောင်းလဲစိုက်ပျိုးပါက တစ်ဧကမှ ဆီပိဿာအများဆုံးရရှိနိုင်သော ဆီထွက်သီးနှံဖြစ်ကြောင်းနှင့် စိုက်ပျိုးရေး နည်းစနစ်ကောင်းများကို လိုက်နာဆောင်ရွက်ပြီး မြေအမျိုးအစား၊ မြေပြုပြင်ခြင်း၊ သွင်းအားစုထည့်သွင်းအသုံးပြုခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ ပျားပုံးထားရှိခြင်းနှင့် စနစ်တကျရိတ်သိမ်းခြွေလှေ့ခြင်း စသည့်အကြောင်းအရာများကို Projector ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာကြသည့်တောင်သူများအား နေကြာနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

လှဝင်း

→ ကျောဖုံးမှအဆက်

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူခရီးစဉ်တွင် လိုက်ပါလာသည့်ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယကနှင့်အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာများစွာ တည်ရှိနေသည့်၊ The Gateway of India အဖြစ်လူသိများသည့် မွမ်ဘိုင်းမြို့ကို လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ထို့ပြင်ယနေ့အခမ်းအနားတွင် ဌာနဆိုင်ရာကိုယ်စားလှယ်ကြီးများ၊ မြန်မာ – အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် မိတ်ဖက်များနှင့်တွေ့ဆုံခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ရကြောင်း။

ကိုလိုနီစနစ်ကို အတူတကွတွန်းလှန်ခဲ့ကြသည့် သမိုင်းကြောင်းအရ မြန်မာ-အိန္ဒိယ သံတမန်ဆက်ဆံရေးသည် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဘာသာရေးနှင့်ယဉ်ကျေးမှုအရလည်း ရှေးယခင်ကတည်းက ခိုင်မာသည့် ဆက်နွယ်မှုများရှိခဲ့ကြကြောင်း၊ ရှည်လျားသည့် ကုန်းမြေနှင့်ရေကြောင်းနယ်နိမိတ်များ ထိစပ်နေသည့်အပြင် ယခုအချိန်သည် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှတစ်ဆင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အကောင်းဆုံးအချိန်လည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy)နှင့် အိမ်နီးချင်းဦးစားပေးမူဝါဒ (Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးနိုင်မည့်မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံရေးအရတည်ငြိမ်မှုအနေဖြင့် မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းများစွာကြာ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပွားခဲ့ရာမှ ယခုအခါတွင် ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီအရ တည်ဆောက်ခဲ့သည့် အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီဖြစ်သဖြင့် တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် အခြေအနေကောင်းများ မိမိတို့တွင်ရှိလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးတည်ငြိမ်မှုရှိလာသည့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အဆွေတော်တို့အတွက် အခွင့်အလမ်းများစွာရှိလာမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ထို့ကြောင့် မိမိအနေဖြင့်သမ္မတအဖြစ်တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့်ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံး လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့လာရောက်စဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့နှင့်လည်း တွေ့ဆုံခဲ့သကဲ့သို့ နယူးဒေလီမြို့တွင်လည်း မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲကိုကျင်းပပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပြီး သဘောတူညီချက်များလည်း ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့အခြေအနေများအရ အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံနှင့်ယုံကြည်စိတ်ချစွာ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ပြောကြားလိုကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ စာချုပ်များလည်း ချုပ်ဆိုထားပြီးဖြစ်သကဲ့သို့ ယခင်ကတည်းက နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း ကုန်သွယ်မှုများပြုလုပ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် ပစ္စည်းများမှာ ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုပစ္စည်းများကို အများဆုံးတင်ပို့လျက်ရှိကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် မိမိတို့ မြန်မာနိုင်ငံဘက်မှ ထုတ်ပြန်သည့် စာရင်းများအရ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံမှပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၆ ဘီလီယံထိရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၆၀၀ မှ ၈၀၀ အကြားတွင်ရှိကြောင်း၊ အများအားဖြင့် အိန္ဒိယနိုင်ငံဘက်မှ ဆေးဝါးပစ္စည်းများ၊ ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ၊ လယ်ထွန်စက်နှင့် ဆက်စပ်ပစ္စည်းများ တင်ပို့ခဲ့သည်ကို တွေ့ရှိရကြောင်း။

မိမိအနေဖြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၂ ဘီလီယံကျော်သာရှိခဲ့သဖြင့် ပထမအဆင့်အနေဖြင့် အမေရိကန် ဒေါ်လာ ၃ ဘီလီယံအထိရောက်ရှိအောင် ဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထိရောက်အောင် မျှော်မှန်းဆောင်ရွက်သွားရန် ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင်လည်း နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရေး ကျပ်နှင့် ရူပီးတိုက်ရိုက်ပေးချေရေးသဘောတူညီထားပြီးဖြစ်ကြောင်း၊ မိမိအိန္ဒိယနိုင်ငံ ဗဟိုဘဏ်မှတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်များပိုမိုတင်သွင်းရန်ဆန္ဒရှိပြီး အထူးသဖြင့် သံနှင့် သံမဏိများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ စက်သုံးဆီများ၊ ဆိုလာနှင့်ပတ်သက်သည့် ပစ္စည်းများကို တင်သွင်းသွားလိုကြောင်း၊ မိမိတို့နိုင်ငံမှလည်း ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ ဆန်နှင့်ရော်ဘာထွက်ပစ္စည်းများ တင်ပို့သွားလိုကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများ များစွာရှိပြီးအပြန်အလှန်ကူးသန်းသွားလာမှုများ၊ ဗုဒ္ဓဂယာသို့ သွားရောက်လည်ပတ်မှုများရှိသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန်ဆန္ဒရှိကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံအနေဖြင့် ကျန်းမာရေး ဆိုင်ရာပတ်သက်သည့် လုပ်ငန်းများမြင့်မားသကဲ့သို့ ပညာရေးနှင့်ဆိုင်သည့်လုပ်ငန်းရပ်များသည်လည်း မြင့်မားသည်ကိုတွေ့ရှိရသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင်လည်း လာရောက် ရင်းနှီးမြှုပ်နှံသွားနိုင်ရန် အခွင့်အလမ်းများရှိကြောင်း။

မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံများတွင် ၁၁ နိုင်ငံမြောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးဖိတ်ခေါ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့်ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ သွင်းကုန်ပစ္စည်းများနှင့် ပတ်သက်၍လည်း ကုန်သွယ်မှုမြှင့်တင်သကဲ့သို့ မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အချို့ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်သာမက အိမ်နီးနားချင်းနိုင်ငံများဖြစ်ကြသည့် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် သတင်းအချက်အလက်၊ ဒစ်ဂျစ်တယ်နှင့် အဆင့်မြင့်နည်းပညာအခြေပြုကဏ္ဍတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှ နည်းပညာမြင့်လုပ်ငန်းများကို မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်ဖိတ်ခေါ်လိုကြောင်း၊ ဆေးဝါးကုသမှုနှင့်ပတ်သက်၍လည်း အိန္ဒိယနိုင်ငံသည် ဆေးဝါးထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆေးဝါးသွင်းကုန်များကို အိန္ဒိယနိုင်ငံမှ အများဆုံး တင်သွင်းလျက်ရှိကြောင်း၊ ထို့ကြောင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို မြန်မာနိုင်ငံ၌လာရောက်ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာတွင်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံများတွင်ပါဝင်သဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိသည့် မိမိတို့နိုင်ငံတွင်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အရေးများစွာရှိကြောင်း၊ မိမိနှင့်အတူအဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့်ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် အသေးစိတ်ထပ်မံဆွေးနွေးနိုင်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိအောင်

စာမျက်နှာ ၆ သို့ →



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Gateway of India, Mumbai အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

❖ **ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy) နှင့် အိမ်နီးချင်းဦးစားပေးမူဝါဒ (Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ကိုတွေ့ရမည်ဖြစ် . . .**

❖ **မြန်မာနိုင်ငံတွင်အိန္ဒိယနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံများတွင် ၁၁ နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်၊ မိမိတို့နိုင်ငံတွင်လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးဖိတ်ခေါ်၊ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့်ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင် . . .**

→ **စာမျက်နှာ ၅ မှအဆက်**

ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောကြားခဲ့ပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ခြင်းအားဖြင့် နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာမှုကိုအထောက်အကူပြုမည်ဖြစ်သကဲ့သို့ သမိုင်းကြောင်းအရ တည်ရှိခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ရင်းနှီးမှုကိုလည်း ပိုမိုအားပေးရာရောက်မည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှုသည် ၇၈ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် နှစ် ၈၀ ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါ နှစ်(၈၀)ပြည့်သံတမန်ဆက်ဆံမှုအထိမ်းအမှတ်ကို အားဖြည့်သည့်အနေဖြင့် နှစ်နိုင်ငံကုန်သွယ်ရေး လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက အိန္ဒိယနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်သမ္မတအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများထပ်မံတိုးမြှင့်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိမှုအခြေအနေများ၊ လက်ရှိ နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်မည်ဟု ၎င်းတို့အနေဖြင့် ယုံကြည်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဇီဝစွမ်းအင်(Bio Energy)ထုတ်လုပ်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်ပစ္စည်းကိရိယာများနှင့်ဓာတ်မြေဩဇာများ ထုတ်လုပ်ရေးကဏ္ဍတို့နှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများအား ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြောင်း၊ ဘိုင်အိုစွမ်းအင်(Bio Energy) နှင့် ပတ်သက်၍လည်း လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ကြောင်း၊ သတ္တုတူးဖော်ရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့်သတ္တုများကို ပြည်ပသို့ကုန်ကြမ်းအဖြစ်တင်ပို့ခြင်းထက် ကုန်ချောထုတ်လုပ်၍ တင်ပို့သွားမည်ဆိုပါက ဆောင်ရွက်၍ရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို အဓိကထားဆောင်ရွက်နေသည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍကို အမှန်တကယ်အကျိုးရှိစွာဖြင့် ဆောင်ရွက်နိုင်မည့်လုပ်ငန်းရပ်များရှိပါက ဖိတ်ခေါ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတက တက်ရောက်လာကြသည့် အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် Gateway of India, Mumbai သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Gateway of India, Mumbai အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များအား ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ Gateway of India, Mumbai သည် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့၊ မွမ်ဘိုင်းပင်လယ်ကမ်းစပ်တွင်တည်ရှိသည့် ကမ္ဘာကျော်သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံကြီးတစ်ခုဖြစ်ကြောင်း၊ ဗြိတိသျှဘုရင် King George V နှင့် မိဖုရား Queen Mary တို့သည် ၁၉၁၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်စဉ် ၎င်းတို့ခြေချဆိုက်ရောက်ခဲ့သည့်နေရာကို အထိမ်းအမှတ်ပြုလုပ်ရန်အတွက် အဆိုပါမုခ်ဦးကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၁၅ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နောက်ဆုံးကျန်ရှိနေသည့် ဗြိတိသျှတပ်ရင်းများသည် ယခုမုခ်ဦးကြီးအောက်မှ ဖြတ်သန်းကာ သင်္ဘောများဖြင့် အိန္ဒိယနိုင်ငံမှထွက်ခွာခဲ့ကြခြင်းဖြစ်သဖြင့် ဗြိတိသျှတို့၏အုပ်စိုးမှုနိဂုံးချုပ်ခြင်းကိုပြသသည့် ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ အဆောက်အအုံ၏ ဗိသုကာလက်ရာသည် ၁၆ ရာစုဂူဂျာရက်စတိုင်အစ္စလာမ်နှင့် ဟိန္ဒူရိုးရာဗိသုကာလက်ရာများကို ရောနှောပေါင်းစပ်ထားသည့် Indo-Saracenic စတိုင်ဖြစ်ပြီး အဝါရောင်သဲကျောက်(Yellow basalt)များဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ အလယ်မုခ်ဦးခုံးကြီး၏ အမြင့်မှာ ၈၅ ပေခန့်ရှိကြောင်း၊ Gateway of India, Mumbai သည် မွမ်ဘိုင်းမြို့၏အထင်ကရပြယုဂ်(The Taj Mahal of Mumbai)ဟု တင်စားခေါ်ဆိုကြပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ပါဝင်စားစွာ လာရောက်လည်ပတ်ကြသည့်နေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် လေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ဝါးခယ်မမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့်စပါးကေအားလုံး ရိတ်သိမ်းပြီးစီး



ဝါးခယ်မ ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် စပါးကေအားလုံးရိတ် သိမ်းပြီးစီးပြီဖြစ် ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စပါး ၁၂၉၀၉၉ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်စပါးများကို ယခုနှစ် မတ်လဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ကေအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ကေလျှင် ၁၁၃ ဒသမ ၁၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးကေ ၁၂၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ နွေစပါးတွေအားလုံးပြန်လည်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးလည်းကောင်းပါတယ်။ လာမယ့်မိုးစပါးတွေလည်း အထွက်နှုန်းနဲ့ အရည်အသွေးပြည့်မီဖို့ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စပါးအပါအဝင် နွေသီးနှံများ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတကျော်

# ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာန မြို့မ(ယာယီ)ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၄၀၀၀၀ ပျိုးထောင်ထားရှိ

ကျိုက်ထို ဇွန် ၃

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်သစ်တောဦးစီးဌာနမှ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးနိုင်ရန် မြို့မ(ယာယီ) ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်း ၄၀၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ယင်းသို့ ပျိုးပင်များ ပျိုးထောင်ထားခြင်းမှာ သစ်တောဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် လူသားအားလုံးကျန်းမာဖို့ သစ်တောများကိုထိန်းသိမ်းစို့ ဆောင်ပုဒ်နှင့်အညီ မိုးရာသီတွင် တပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများ၊ သစ်ပင်စိုက်ပျိုးပွဲတော်နှင့် လမ်းဘေး ဝဲ၊ ယာ၌ စိုက်ပျိုးနိုင်ရန် ပျိုးထောင်ထားခြင်းဖြစ်သည်။

အဆိုပါပျိုးပင်များမှာ မန်ကျည်းပင် ၂၅၀၀၀ ၊ ကျွန်းပင် ၃၀၀၀၊ မဟော်ဂနီပင် ၃၀၀၀၊ ပျဉ်းကတိုးပင် ၁၀၀၀၊ သင်္ကန်းပင် ၂၀၀၀၊ ပျဉ်းမပင် ၄၀၀၀၊ စိန်ပန်းပင် ၁၀၀၀၊ ခရေပင် ၅၀၀၊ ကံ့ကော်ပင် ၅၀၀ စုစုပေါင်းပျိုးပင် ၄၀၀၀၀ ပျိုးထောင်ထားခြင်းဖြစ်သည်။

မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ပျိုးထောင်ထားသော ပျိုးပင်များကို နှစ်စဉ် ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပ၍ စိုက်ပျိုးလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာများမှ လိုအပ်သည့် ပြည်သူများကိုလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၃**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ **အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ ဗွက်ကြီးချောင်းတံတားထိပ်နှင့် ကြေးနီချောင်းတံတားထိပ်တွင် တံတားအသုံးပြုခွင့် ဂိတ်နှင့် လမ်းအသုံးပြုခွင့် ကောက်ခံဂိတ်တို့ ပေါင်းစပ်ဖွင့်လှစ်ထားသည်ကို တွေ့ရှိရသဖြင့် အောင်လံ မြို့သူမြို့သားများသည် မိမိတို့နေထိုင်ရာမြို့နယ်အတွင်း သွားလာနေမှုတွင် ဂိတ်နှစ်ဂိတ်တို့၏အသုံးပြုခွင့် ကောက်ခံခြင်းကို ပေးဆောင်နေကြရကြောင်း စိစစ်တွေ့ရှိရပြီး ဗွက်ကြီးတံတားဂိတ်တစ်ခုတည်းသာ ထားရှိဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသဖြင့် အောင်လံမြို့ရှိ ကြေးနီချောင်းဂိတ်ကို အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပသင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်နှင့် ပြောင်းရွှေ့ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြောင်းရွှေ့ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က အောင်လံ (အထွက်)ဂိတ် ကြေးနီချောင်းကို ဖြတ်သန်းသွားလာသော ဂိတ်အနီးရှိ ကျေးရွာများမှ မော်တော်ယာဉ်များအား လမ်းနှင့် တံတားအသုံးပြုခြင်းအတွက် အခမဲ့ခွင့်ပြုထားပါကြောင်း။

အောင်လံမြို့တွင်းမှယာဉ်များ အောင်လံ (အထွက်) ကြေးနီချောင်းဂိတ်သို့ ဖြတ်သန်းသွားပါက အသွားတစ်ကြိမ်သာကောက်ခံပြီး ၁ နာရီအတွင်းပြန်ဝင်လာပါက ထပ်မံကောက်ခံခြင်းမရှိဘဲ ဖြေလျှော့ပေးထားကာ အောင်လံ(အဝင်) ဗွက်ကြီးဂိတ်နှင့် အောင်လံ (အထွက်) ကြေးနီချောင်းဂိတ် သတ်မှတ်မိုင်တိုင်အတွင်းရှိအောင်လံမြို့နှင့် ကျေးရွာများမှမော်တော်ယာဉ်များကိုလည်း အခမဲ့ခွင့်ပြုထားပါကြောင်း။

Max Highway Co.,ltd. (BOT)အနေဖြင့် အောင်လံခရိုင် အောင်လံ-ကိုးပင်လမ်းပိုင်း မိုင်တိုင် ၆၁ မိုင် ၇ ဖာလုံ အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လာပါက အရေးပေါ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

အောင်လံ(အထွက်) ကြေးနီချောင်းဂိတ်အား အောင်လံမြို့နယ် နယ်နိမိတ်အဆုံး မိုင်တိုင်(၂၃၁/၅) အပြင်ဘက်သို့ ပြောင်းရွှေ့မည်ဆိုပါက လမ်းအသုံးပြုခကောက်ခံရရှိမှုများ လျော့နည်းသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ငွေများ လျော့နည်းနိုင်ခြင်း၊ တန်ပိုထိန်းသိမ်းနိုင်မှု လျော့ကျနိုင်ခြင်းတို့ကြောင့် လမ်း/တံတားများ ပိုမိုပျက်စီးလာနိုင်သည့်အတွက် အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပသို့ ဂိတ်များပြောင်းရွှေ့ရန် သင့်လျော်မှုမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာသို့ ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ကျောက်ချောလမ်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** အဖွဲ့ဝင် ဦးခင်မောင်လတ်က တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်အုပ်စု ချင်းစုကြာပင်အင်းကျေးရွာချင်းဆက်လမ်းသည် လက်ရှိ ၄ မိုင် အရှည်ရှိပြီး ကျောက်ချောလမ်းအဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက လမ်းအကျယ် အနည်းဆုံး ၂၄ ပေ ရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာများ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးရွာလေးရွာ၊ အိမ်ခြေ ၇၅၄ အိမ်၊ လူဦးရေ ၂၈၄၂ ဦး အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာလမ်းပိုင်း ကျောက်ချောလမ်းဖြစ်မြောက်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအား နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အပိုင်းလိုက်လျာထားတင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းအတွင်း ပွားများနေသော ဗေဒါပင်များကို ပိုမိုရှင်းလင်းနိုင်စေရေး၊ ထပ်မံမရောက်စေရေး၊ မပွားများစေရေးနှင့် သန့်ရှင်းသာယာသော အင်းရေပြင်ဖြစ်ရေးတို့အတွက် မည်သို့ဆောင်ရွက်ပေးသွားမည်၊ နွေရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးမြေများ ယခုထက်ပေါ်ထွန်းလာစေရေးအတွက် ရေဝပ်ဧရိယာနည်းပါးအောင် မည်သို့လုပ်ဆောင်သွားမည်၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာပြန်လည်ဖြစ်ပေါ်လာစေရေး မည်သို့စီမံဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သမန်အင်းအတွင်းသို့ ရေဝင်သည့်နေရာတွင် ဗေဒါစစ်ဆန်ခါများထားရှိ၍ ဗေဒါထပ်မံမရောက်ရှိစေရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည် ပေါ်ထွန်းလာစေရေးအတွက် တောင်သမန်အင်းပတ်လမ်းများနှင့် ဦးပိန်တံတားပတ်ဝန်းကျင်အား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်း၌ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူကြီးကြပ်ပြီး အင်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းအား ငါးလုပ်ငန်းရှင်များထံသို့ လေလံပေးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အတွက် အင်းအတွင်း ဗေဒါဆယ်ယူခြင်းလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလေလံလုပ်ငန်းရှင်တို့မှ "အင်းရေပြင် ဗေဒါကင်းစင်ပြီး သန့်ရှင်းနေစေရေးအတွက်" အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။


ဗေဒါဆယ်ယူခြင်းလုပ်ငန်းကို မြို့တော်စည်ပင်မှ Back Hoe အကူအညီဖြင့် တောင်သမန်အင်းဆွဲ ဝယ်ယူရရှိသူမှ စက်သုံးဆီနှင့် လူအင်အားကူညီ၍ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆီရရှိရေး အခက်အခဲဖြစ်ပေါ်လျက်ရှိသောကြောင့်ယာယီရပ်နားထားကြောင်း၊ တောင်သမန်အင်းဂရန်ကိုင်မှ ဗေဒါဖြတ်ဖောင်ငယ်ဖြင့် တစ်နိုင်တစ်ပိုင်ဆက်လက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမြေများကို ယခုထက်ပေါ်ထွန်းရေးအတွက် ရေထွက်လမ်းတစ်လျှောက် ဗေဒါများရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ ကလေးမြို့ မြောက်ပိုင်းကျေးရွာအများစုမှာလည်း ဓာတ်အားလိုင်းများသွယ်တန်းပြီး လျှပ်စစ်မီးများ ရရှိနေပြီးဖြစ်သော်လည်း ယခုအခါ ရေအားလျှပ်စစ်စက်ပစ္စည်း (Be-rrim)များပျက်စီးနေခြင်း၊ ရေလှောင်တမံထဲတွင် နုန်းများရှိနေခြင်းကြောင့် အသုံးမပြုနိုင်သည်မှာ နှစ်အတော်ကြာခဲ့ပြီးဖြစ်ပါသဖြင့် ယခင်စီမံကိန်းရှိသည့်အတိုင်း ကလေးမြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများမီးလင်းနိုင်ရေး၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေး ရာဇဂြိုဟ်ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်မွမ်းမံပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း နှစ်စဉ်ဝင်ရောက်ခဲ့သော သဲနုန်းများအား ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ စုစုပေါင်း သဲနုန်းကျင်း ၃ သိန်းကျော်ကို နုန်းစုပ်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ၂၀၂၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လများတွင် တမံရေယူအဆောက်အအုံရှေ့၌ နုန်းနှင့် အမှိုက်များပိတ်ဆို့မှုများကိုဖယ်ရှားဆောင်ရွက်၍ စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း နုန်းနှင့် အမှိုက်များ ဝင်ရောက်မှု များပြားလာခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ရပ်နားခဲ့ရပြီး ရေပိုလွှဲမှ ကျော်ကျခဲ့သောရေအား တူးမြောင်းမကြီးအတွင်းသို့ ရေလွှဲသွင်း၍ မိုးစပါးအောင်ရေ ပေးဝေခဲ့ပါကြောင်း။

အကျိုးပြုစိုက်ပျိုးမြေဧရိယာ ပြည့်မီစွာ ရေပေးဝေနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နိုင်ရန် စူးစမ်းလေ့လာမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း သဲနုန်းဖယ်ရှားရေးသည် လုပ်ငန်းပမာဏကြီးမားလွန်းခြင်းနှင့် ကုန်ကျစရိတ်များပြားနိုင်ခြင်းတို့ကြောင့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ တောင်သူလယ်သမားများဘဝအတွက် လိုအပ်သည့် လုံလောက်သည့်ချေးငွေများ၊ စက်မှုကို အထောက်အကူဖြစ်စေသည့် လယ်ယာထွန်စက်များ၊ သီးနှံသိုလှောင်မှုနေရာ၊ နည်းပညာများနှင့် ဈေးကွက်များ ဖန်တီးပေးရေးတို့ကို နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်မရှိပါက ဦးစားပေးအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်တို့အား သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင်လိုအပ်သည့် စိုက်ပျိုးနည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာန မြေဆီလွှာ၊ မျိုးစေ့နှင့် ပိုးမွှားရောဂါဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများက နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့်လည်း ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ထွန်စက်ကြီး ၁၅ စီး၊ လက်တွန်းထွန်စက် ၆၅၀၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးကို တောင်သူများထံသို့ လက်ငင်းစနစ်ဖြင့် ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများ၊ အခြောက်ခံစက်၊ သိုလှောင်ရုံ၊ ဆန်စက်များကို ဝယ်ယူနိုင်စေရန် အတိုးနှုန်း ၆ ရာခိုင်နှုန်း၊ ချေးငွေပမာဏ ငွေကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ငွေကျပ်သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍတို့ဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားရန် ၂၀၂၆ ခုနှစ် ဧပြီလ ၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားပါကြောင်း၊ သီးနှံသိုလှောင်ရုံနေရာရရှိရေးနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သီးနှံဈေးကွက်များဖန်တီးပေးရေးအတွက် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့တွင် မူလခွင့်ပြုထားသည့် သီးနှံ/ကုန်စည်ကိုးမျိုးကို ဝန်ကြီးဌာနနှင့်စာချုပ်ချုပ်ဆိုထားရှိပြီး ကုန်စည်ခုနစ်မျိုးတို့ကို တရုတ်နိုင်ငံဈေးကွက်သို့ **စာမျက်နှာ ၈ သို့ ➤**

# တတိယအကြိမ် အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ




တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

**နေပြည်တော် ဇွန် ၃**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၈ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ ဆိုလာဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မီတာခလျှော့ပေါ့ကောက်ခံရန်အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ခန္တီးမြို့အား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် နေရောင်ခြည်စွမ်းအင်တစ်ခုတည်းဖြင့် လုံလောက်မှုမရှိသဖြင့် ဆိုလာဓာတ်အားပေးစက်ရုံတွင် Hybrid စနစ်ထည့်သွင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ခန္တီးမြို့အား ၂၄ နာရီဓာတ်အားဖြန့်ဖြူးမည်ဆိုပါက ဘက်ထရီသက်တမ်းနှင့် ဆိုလာသက်တမ်း အပြည့်အဝသုံးစွဲနိုင်ရန်အတွက် နေရောင်ခြည်ကောင်းစွာမရရှိသောနေ့များနှင့် ဘက်ထရီအား ၅၀ ရာခိုင်နှုန်းအောက် ရောက်ရှိချိန်များတွင် ဒီဇယ်ဓာတ်အားပေးစက်များမောင်းနှင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ခန္တီးမြို့သည် မိုးရာသီနှင့် ဆောင်းရာသီကာလများတွင် နေရောင်ခြည်ကောင်းမွန်စွာမရရှိသဖြင့် အဆိုပါကာလများတွင် ဆိုလာမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနည်းပါးနိုင်ပြီး ဘက်ထရီအားသွင်းရန်လည်း နည်းပါးနိုင်သဖြင့် အဆိုပါရက်များတွင် အချိန်အနည်းငယ်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဆိုလာနှင့်ဘက်ထရီမှထုတ်လုပ်သော ဓာတ်အားဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက ခန္တီးမြို့တွင် လျှပ်စစ်မီးအသုံးပြုနိုင်မှုသည် နေရောင်ခြည်ရရှိမှုပေါ်တွင် အဓိကမူတည်နေမည်ဖြစ်၍ အရေးကြီးနေရာများအား ၂၄ နာရီ ဓာတ်အားမပေးနိုင်ပါကြောင်း၊ ၂၄ နာရီ ဓာတ်အားရရှိလိုပါက ဒီဇယ်ဓာတ်အားပေးစက်များကိုတစ်နေ့လျှင်အနည်းဆုံး ၂ နာရီခန့် မောင်းနှင်ဓာတ်အားပေးရန် လိုအပ်မည်ဖြစ်ပြီး ဒီဇယ်ဆီတစ်ဂါလန်ဖြင့် စက်မောင်းနှင်ပါက စက်ထွက် ၁၄ ယူနစ်ခန့်သာ အများဆုံးအသုံးပြုနိုင်ပြီး ဒီဇယ်ဆီတစ်ဂါလန်လျှင်ဒေသပေါက်ဈေး ၄၄၀၀၀ ကျပ်ခန့်ရှိခြင်းကြောင့် တစ်ယူနစ်ဈေး ၃၁၄၃ ကျပ်ခန့်ကျသင့်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဆိုလာနှင့် ဘက်ထရီကိုသာ အသုံးပြု၍ ခန္တီးမြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်ပါက ၂၄ နာရီဓာတ်အားရရှိနိုင်မည်မဟုတ်ပါကြောင်း၊ ဓာတ်အားထုတ်လုပ်နိုင်မှုသည် နေရောင်ခြည်ရရှိမှုအပေါ်တွင် အလုံးစုံမှီခိုနေရခြင်းကြောင့် တစ်ရက်နှင့် တစ်ရက် ဓာတ်အားရရှိရန် မတူညီနိုင်ပါကြောင်း၊ နေရောင်ခြည်လုံလောက်စွာမရရှိသော အချိန်များတွင် ဓာတ်အားပြတ်တောက်မှုများရှိနိုင်ပါကြောင်း၊ အဆိုပါအခြေအနေဖြင့်ဓာတ်အားခ တစ်ယူနစ် (တစ်ကီလိုဝပ်နာရီ)ဈေးနှုန်းကို ၉၀၀ ကျပ်ဖြင့် လျှော့ချကောက်ခံနိုင်ရန်အတွက် ခန္တီးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြန်လည်ချုပ်ဆိုသွားရန် အစီအစဉ်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်းကျေးရွာ၊ တောင်ထိပ်ကျေးရွာတို့အား လျှပ်စစ်မီးသွယ်တန်းပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်းကျေးရွာ၊ တောင်ထိပ်ကျေးရွာတို့သည် အင်တောမြို့နှင့် ကျောက်ဂူကျေးရွာအကြား တည်ရှိပြီး ကျောက်ဂူကျေးရွာမှ ၈ မိုင်အတွင်း တည်ရှိသော ကျေးရွာများဖြစ်ပါကြောင်း၊ ယင်းကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေများဖြင့် တောင်ထိပ်ကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၅၂ မိုင်၊ တောင်သူကုန်းကျေးရွာတွင် ၄၀၀ဗို့ဓာတ်အားလိုင်း ၁ မိုင်၊ စံပယ်ကုန်းကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်နှင့် ဆီဆုံဂနိုင်ကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင်တို့အား တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

သို့သော်ဇော်ဂျီအမှတ်(၂) ဓာတ်အားပေးစက်ရုံရှိ ၁၁/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ Isolation Transformer သည် အမြင့်ဆုံးဝန်အား ၁ ဒသမ ၄ မဂ္ဂါဝပ်အထိရှိနေပြီဖြစ်သည့်အတွက် အဆိုပါ ကျေးရွာလေးရွာအား ထပ်မံဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိခဲ့ပါကြောင်း။

ဇော်ဂျီ(၂) ကျောက်ဂူ ၆၆ ကေဗွီဓာတ်အားလိုင်း ၁၉ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါ ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှသာ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်းကျေးရွာ၊ တောင်ထိပ်ကျေးရွာတို့အား ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ကျေးရွာလေးရွာတွင်ထပ်မံတည်ဆောက်ရန်လိုအပ်သည့် ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ၄ ကေဗွီ ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးမည့်ကာလနှင့်ကိုက်ညီအောင် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် နှစ်အလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်၏ **ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားပြင်ပစနစ်(OFF Grid) ဖြင့် နေစွမ်းအင်သုံးစီမံကိန်း(Solar Power Project) ကဲ့သို့ စီမံကိန်းတစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် မာန်အောင်ကျွန်းတွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံ KOICA တို့ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာမှုအရ အဆင့်သုံးဆင့်ဖြင့် Solar Power Plant များတည်ဆောက်၍ ဓာတ်အားပေးနိုင်ရန် စီမံချက်ရေးဆွဲခဲ့ပါကြောင်း။

ပထမအဆင့်အနေဖြင့် မာန်အောင်ကျွန်း ခအုန်းမော်ကျေးရွာ မြေဧက ၁၅ ဧကပေါ်တွင် သုည ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ်အား မြေဧက ၂ ဧကကို အသုံးပြု၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Posco Daewoo Co.,Ltd. ၏ လှူဒါန်းမှုဖြင့်တည်ဆောက်ခဲ့ပြီး မာန်အောင်မြို့ပေါ်

**စာမျက်နှာ ၉ သို့ ●**

---

**➤ စာမျက်နှာ ၇ မှအဆက်**

တင်ပို့နိုင်ရေး ဆောင်ရွက်ထားရှိပါကြောင်း၊ စိုက်ပျိုးထွက်ရှိသည့်သီးနှံများ ဈေးကွက်ရရှိရန် သီးနှံအလိုက် ချေးငွေနှုန်းထားများ တိုးမြှင့်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာချေးငွေများ တိုးမြှင့်ပေးခြင်း၊ သွင်းအားစုများရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ကန်ထရိုက်လယ်ယာစနစ်ကို အားပေးမြှင့်တင်ခြင်း၊ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ပြီး ထုတ်လုပ်မှုတိုးတက်အောင် တွန်းအားပေးဆောင်ရွက်ခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို တွဲဖက်အသုံးပြုပြီး သွင်းအားစုစရိတ်သက်သာစေရန် ပညာပေးခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုပံ့ပိုးပေးပြီး သီးနှံနှင့်ပေးချေစေသည့်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာအနီး နမ့်လွေချောင်း၌ ဒေသခံတောင်သူများသည် မျှော၊ ဝါးများဖြင့် ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်ပြုလုပ်၍ နမ့်လွေချောင်းမှရေကိုသွယ်ယူကာ စိုက်ပျိုးလျက်ရှိပါကြောင်း၊ အဆိုပါလက်ရိုက်ဆည်သည် မိုးတွင်းကာလ မိုးရွာသွန်းမှုများပြားပါက မကြာခဏ ကျိုးပေါက်လေ့ရှိကြောင်း၊ သို့ဖြစ်၍ ဝမ်တောင်းကျေးရွာရှိ ဒေသခံတောင်သူများ၏ လယ်မြေဧက ၁၆၀ မှာ မိုးသီးနှံ၊ နွေသီးနှံသီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရန်အတွက် အဆိုပါ လက်ရိုက်ဆည်ကို ကျောက်စီကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ထို့နောက် အင်ပူမဲဆန္ဒနယ်မှ ဒေါက်တာဒွေးဝင်း၏ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှထွက်ရှိသော ထွက်ကုန်သီးနှံဈေးနှုန်းထိန်းညှိရေး ကော်မရှင်တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်စပ်လျဉ်း၍** ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံနှင့် အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို ဇွန်လ ၅ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

● စာမျက်နှာ ၈ မှအဆက်

၅ ရပ်ကွက်နှင့် ကျေးရွာ ၄ ရွာအား ၂၀၁၉ ခုနှစ် နိုဝင်ဘာမှစ၍ ဓာတ်အားဖြန့်ဖြူး ပေးခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁ စုအား ဓာတ်အားပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ၁၁ကေဗွီ ဓာတ်အားလိုင်း ၃၄ ဒသမ ၄ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၃ ဒသမ ၆ မိုင်၊ ထရန်စဖော်မာ ၅၃ လုံးအား ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ကြိုတင်တည်ဆောက် ပြီးစီးထားပြီးဖြစ်ပြီး ကျန်ရှိသည့် ၂ ဒသမ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator)စနစ် တည်ဆောက်ခြင်းလုပ်ငန်းအား ခအုန်းမော် ကျေးရွာရှိ သုည ဒသမ ၅ MW Solar Power Plant မှ ကျန်မြေဧက ၁၃ ဧကပေါ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁ စုအား ဓာတ်အားပေးနိုင်ရေးအတွက် ၂ ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဒုတိယအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးမှသာ ကျန်ရှိသည့် တတိယအဆင့်အား အဆင့်အလိုက် ဆက်လက်လျာထား အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် လမ်းမီးများအား နေရောင်ခြည်စွမ်းအင်သုံး( Solar Power System) ဖြင့် လျှပ်စစ်မီး တပ်ဆင်ပေးသွားနိုင်ရေးအစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အတွင်း လမ်းမီးလုံးရေ ၂၀၀၀ ခန့် တပ်ဆင်ရန် ရှိသည့်အနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာငွေ ခွဲဝေပေးချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကုန်ကျစရိတ်ဖြင့် ဦးဥတ္တမလမ်း၊ ဈေးလမ်း၊ လေပွေ့လမ်းဟောင်း၊ လေပွေ့လမ်းသစ်၊ ပိတောက်ရွှေဝါလမ်း၊ ရုံးတက်လမ်း၊ ကမ်းနားလမ်း စသည့်လမ်းများနှင့် စေတီယျရပ်ကွက်နှင့် ပြင်ဖူမော်ရပ်ကွက် စသည့်နေရာများတွင် ၂၀၀ ဝပ် ဆိုလာ လမ်းမီးအလုံးရေ ၁၀၀၀ အား တပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

တပ်ဆင်ရန်ကျန်ရှိသည့် ဆိုလာလမ်းမီးများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ညှိနှိုင်း၍ လာမည့်ဘဏ္ဍာနှစ်များတွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက်တပ်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်းက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများသည် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကြီးကြပ်မှု ဗဟိုကော်မတီ၏ ကြီးကြပ်မှုများဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဗဟိုဌာန(Anti-Scam Centre)ကို ဖွဲ့စည်းပြီး ဘဏ်နှင့်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူများ၊ ဆက်သွယ်ရေး အော်ပရေတာများနှင့် အင်တာနက်ဝန်ဆောင်မှုပေးသူများအကြား သံသယဖြစ်ဖွယ်အကောင့်များ၏ ငွေကြေးစီးဆင်းမှုများနှင့် ဆက်သွယ်ရေးဆိုင်ရာအချက်အလက်များကို ဒီဂျစ်တယ်စနစ်များ အချက်အလက်ဖလှယ်မှုနည်းပညာ(Application Programming Interface-API) မှ တစ်ဆင့် အပြန်အလှန်ချိတ်ဆက်၍ သတင်းအချက်အလက်များ ဖလှယ်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အွန်လိုင်းလိမ်လည်မှုများကို ကြိုတင်တားဆီးကာကွယ်နိုင်မည်ဖြစ်သည့်အပြင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရ၍ နစ်နာသူဆုံးရှုံးသွားသည့် ငွေကြေးစီးဆင်းမှုများကို အာဆီယံရဲတပ်ဖွဲ့၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့တို့နှင့် ချိတ်ဆက်၍ သတင်းအချက်အလက်ဖလှယ်ပြီး အချိန်မီပိတ်သိမ်းခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုကျူးလွန်သူများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီအရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇွန်လ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ(ASPU)တို့ ပူးပေါင်း၍ ရုရှားဘာသာစကားဆိုင်ရာ ပညာရေးနှင့် သင်ကြားရေးနည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်



**မန္တလေး ဇွန် ၃**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတစ်ရပ်အဖြစ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (Mandalay University of Foreign Languages-MUFL)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Altai State Pedagogical University of the Russian Federation-ASPU) တို့ပူးပေါင်းကျင်းပသည့် ပညာရေးဆိုင်ရာနှင့် နည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL)၌ ကျင်းပသည်။

အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Altai State Pedagogical University of the Russian Federation မှ ပါမောက္ခတို့က ဖွင့်လှစ်ပေးပြီး တက္ကသိုလ်ရှိ ယဉ်ကျေးမှုပြခန်းအတွင်း တရုတ်၊ ထိုင်း၊ ဂျာမန်၊ ကိုရီးယား၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ အင်္ဂလိပ်၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းများဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ရုရှားဘာသာ ကျောင်းသား၊ ကျောင်းသူများက ပါရာမည်ရုရှားရိုးရာအကနှင့်ကာလင်းကာရုရှားရိုးရာကျေးလက်အကများဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါသင်တန်းများကို ဇွန်လ ၁၀ ရက်အထိဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆရာ၊ ဆရာမများအတွက် သင်ကြားနည်းဆိုင်ရာ သင်တန်း၊ မဟာတန်း ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာပို့ချချက်ဆိုင်ရာသင်တန်း၊ ရုရှားဘာသာစကားစတင်လေ့လာသူများအတွက် အခြေခံ ရုရှားဘာသာရပ်ဆိုင်ရာ သင်တန်းများပါဝင်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# မြစ်ကြီးနားမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ထိန်းသိမ်းထားရှိမှုအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကချင်ပြည်နယ်တာဝန်ခံ) ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇွန် ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကချင်ပြည်နယ်တာဝန်ခံ)ဦးခင်ဇော်၊ ပြည်နယ်လျှပ်စစ်၊စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်နိုင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ အသုံးပြုခဲ့သည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များနှင့် ဆက်စပ်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် (MEVM) စက်တွင်အသုံးပြုသည့် ဘက်ထရီနှင့် အားသွင်းစက်များကို စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကိုကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ကော်မရှင်အဖွဲ့ဝင်က မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းများဖြစ်၍ ထိခိုက်ပျက်စီးမှုမရှိစေရေး အီလက်ထရောနစ်မဲပေးစက် စစ်ဆေးထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ပါအချက်များနှင့်အညီ ခြောက်လတစ်ကြိမ် ပုံမှန်စစ်ဆေးခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်ကြရေး၊ အထူးသဖြင့် မိုးရာသီတွင် ရေစိုပျက်စီးမှုနှင့် စိုထိုင်းဆကြောင့် စက်များထိခိုက်မှုမရှိစေရေး၊ ပိုးမွှားဖျက်ဆီးမှုအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရေး၊ ဘက်ထရီများစနစ်တကျထားသိုရေး အလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆˚c | / | ၃၆˚c |
| ရန်ကုန် | ၂၆˚c | / | ၃၅˚c |
| မန္တလေး | ၂၆˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဆံပင်ဖြူခြင်းအကြောင်းရင်းနှင့် ကျန်းမာရေးဆက်စပ်နေမှု

ဒေါက်တာလွင်သန့်

ဆံပင်ဖြူခြင်းကို အသက်အရွယ်ကြီးသူများတွင် ပို၍တွေ့ရသည်။ သို့သော် ယနေ့ခေတ်လူငယ်အများစုတွင် ဆံပင်ဖြူခြင်းကို ပြဿနာတစ်ရပ်အနေဖြင့် ရင်ဆိုင်နေရသည်။ ဆံပင်ဖြူခြင်းသည် သဘာဝထက်စောကာ နုပျိုခြင်းကို ကျဆင်းစေနိုင်သည်။ ဆံပင်မွေးအိတ်များ၏ အောက်ခြေရှိ မယ်လမင်းဟုခေါ်သော အမည်းရောင်ခြယ်ပေးသည့် ဆဲလ်များ၏ စွမ်းဆောင်ရည်ကျဆင်းလာပြီး မယ်လမင်းထုတ်လုပ်မှု ရပ်ဆိုင်းသွားလျှင်၊ လျော့နည်းသွားလျှင် ဆံပင်ဖြူသည့်ဖြစ်စဉ် စတင်ဖြစ်ပွားလာသည်။

သို့သော် လူငယ်များတွင် ဆံပင်ဖြူသောအကြောင်းရင်းမှာ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖိစီးမှုတို့ကြောင့်ဖြစ်သည်။ အမြဲတမ်းပူပင်သောကရောက်၍ အတွေးများခြင်းနှင့် အာဟာရချို့တဲ့ခြင်းတို့ကြောင့် ဆံပင်ဖြူလာနိုင်သည်။ မျိုးရိုးဗီဇကြောင့်လည်း ဆံပင်ဖြူနိုင်သည်။ အလှပြင်ဆိုင်တွင် ရေနွေးဖြင့်ခေါင်းလျှော်ခြင်း၊ လျှပ်စစ်စက်ကြာရှည်စွာသုံးစွဲခြင်း၊ ဆံပင်ဆေးဆိုးခြင်းတို့ကြောင့်လည်း ဆံပင်ဖြူနိုင်သည်။

ဆံပင်ဖြူခြင်း၏ အဓိကအကြောင်းရင်းမှာ စိတ်ဖိစီးမှုများခြင်း၊ အလုပ်များခြင်း၊ ပင်ပန်းလွန်းခြင်း၊ နာမကျန်းဖြစ်ခြင်း (တချို့ရောဂါများက ဆံပင်ဖြူစေသည်)၊ အာဟာရချို့တဲ့ခြင်း၊ နေရောင်ခြည်နှင့် ထိတွေ့မှုများခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ မကြာခဏပေါင်းတင်ခြင်း၊ ဆံပင်ဆေးဆိုးရာတွင် ကျွမ်းကျင်မှုမရှိခြင်းနှင့် ကြိမ်ဖန်များစွာဆိုးခြင်း စသည်တို့ကြောင့် လူငယ်များ ဆံပင်ဖြူရခြင်းဖြစ်သည်။

လူတစ်ယောက်စီတိုင်းတွင် ငွေရောင်ဆံပင်၊ ရွှေအိုရောင်ဆံပင်၊ နက်မှောင်တောက်ပြောင်သောဆံပင် စသည်ဖြင့် အရောင်အမျိုးမျိုး ကွဲပြားနိုင်သော်လည်း တစ်ချိန်ချိန်တွင် ဆံပင်ဖြူခြင်းဖြစ်စဉ်ကို ရင်ဆိုင်ရမည်ဖြစ်သည်။

ပုံမှန်ဆိုလျှင် လူတစ်ယောက်၏ အသက် ၄၀-၅၀ ရောက်မှ ဆံပင်ဖြူတတ်ကြသော်လည်း တချို့က အသက် ၂၀ အရွယ်ဖြင့် ဆံပင်ဖြူလာကြသည်။ ထိုကဲ့သို့ ဆံပင်ဖြူရသည့်အကြောင်းရင်းများတွင် အောက်ပါအချက်များကြောင့်လည်း ပါဝင်သည်။

ဆံပင်ကို နက်မှောင်စိုပြည်စေသည့် ရောင်ခြယ်ပစ္စည်းများ ထုတ်လုပ်မှုနည်းသွားသည့်အခါ ဆံပင်သည် မီးခိုးရောင်ပြောင်းသွားသည်။ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်သည် ဆံပင်အရောင်များကို ကျွတ်စေသည်။ အာဆီယံနိုင်ငံများ၌ အသက် ၃၀ နောက်ပိုင်းတွင် ဆံပင်ဖြူတတ်သော်လည်း တချို့နိုင်ငံများတွင် အသက် ၄၀ ကျော်မှသာ ဆံပင်ဖြူခြင်းကို တွေ့ရသည်။ အသားအရောင်မရွေး လူတိုင်း အသက် ၅၀ နှောင်းပိုင်းတွင် ဆံပင်ဖြူခြင်းက သဘာဝဖြစ်သည်။

ဆံပင်ဖြူခြင်းက ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည်။ လူတိုင်းတွင် စိတ်ဖိစီးမှုများကြောင့် ဆံပင်ဖြူလာနိုင်သည်ဟု အခိုင်အမာပြောဆိုနေကြသော်လည်း သုတေသီများက ပို၍ခိုင်မာသော အထောက်အထားများရရန် ကြိုးစားနေကြဆဲဖြစ်သည်။ သေချာသည်ကား ကိုယ်ခံစွမ်းအားနှင့်ပတ်သက်သည့်ရောဂါ၊ မျိုးရိုးဗီဇလိုက်ခြင်းသည် အသက်ငယ်ငယ်နှင့် ဆံပင်ဖြူစေသည်။ ခရုသင်းကဲ့သို့ အရေပြားရောဂါများ၊ အရွယ်ရောက်ခါစကတည်းက Werner Syndrome ရောဂါကြောင့် ဆံပင်အရောင်က ပြောင်းသွားတတ်သည်။ ဗီတာမင်-B12 ချို့တဲ့မှု၊ ပစ်ကျူထရီဂလင်း၊ သိုင်းရွိုက်ဂလင်းတို့နှင့်ပတ်သက်သည့် ရောဂါများကြောင့်လည်း ဆံပင်ဖြူတတ်သည်။ တချို့သုတေသီများက အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းက အရိုးများ၏ သိပ်သည်းဆနည်းလာခြင်းကြောင့်ဟုဆိုသည်။

**ဗီတာမင်-A**

ဗီတာမင်-A က ဦးရေပြားကျန်းမာစေရန် အာဟာရဖြည့်ပေးနိုင်ပြီး ဆံပင်ကို နူးညံ့သန်စွမ်းစေသည်။ အရွယ်မတိုင်မီ ဆံပင်ဖြူသူများအနေဖြင့် အာဟာရပညာရှင်များနှင့်တိုင်ပင်ပြီး ဗီတာမင်-A ပါဝင်မှုများသောအစားအစာများကို ဦးစားပေးစားသင့်သည်။ အထူးသဖြင့် အစိမ်းရင့်ရောင်အရွက်များနှင့် အဝါရောင်အသီးအနှံများကို စားပေးသင့်သည်။

**ဗီတာမင်-E**

ဗီတာမင်-E က အဆီထုတ်ခြင်းကို ထိန်းချုပ်ထားသကဲ့သို့ ဆံသားများစိုပြည်ကာ နက်မှောင်သန်စွမ်းစေရန် ကူညီပေးနိုင်သည်။ လတ်ဆတ်သည့်အစိမ်းရောင်အရွက်များ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ကောက်ပဲသီးနှံ၊ ကလီစာ၊ ဒိန်ချဉ်နှင့် ငှက်ပျောသီး စသည့်ဗီတာမင်-E ကြွယ်ဝသော အစားအစာများသည် အချိုဓာတ်များသောအစားအစာများနှင့် ဆီကြော်စာများထက် ဆံပင်၏ကျန်းမာရေးကို ပို၍အားကောင်းစေသည်။

**သတ္တုဓာတ်များ**

ဇင့်ဓာတ်၊ သံဓာတ်နှင့် ကော့ပါးဓာတ်များက ဆံပင်ကျန်းမာရေးကို အထောက်အကူပြုပေးသော သတ္တုဓာတ်ဖြစ်သည်။ ဇင့်ဓာတ်ကို အရေခွံနှင့်အဆီမပါသည့် အသားများ၊ ကြက်သား၊ အစိမ်းရင့်ရောင်အရွက်များမှရရှိနိုင်ပြီး သံဓာတ်ကို အမဲသား၊ အသား၊ ငါး၊ ကြက်ဥ၊ ဂျုံ၊ နေကြာစေ့များမှ ရရှိနိုင်သည်။ ကော့ပါးဓာတ်ကို ပင်လယ်စာ၊ ကြက်ဥအနှစ်နှင့် ကောက်ပဲသီးနှံများမှ ရရှိနိုင်သည်။

**ပရိုတင်း**

အသားဓာတ်ကို လုံလုံလောက်လောက်စားပေးခြင်းက ဆံသားများကို တောက်ပပြီး နူးညံ့ပျော့ပျောင်းစေသည်။ ထို့ကြောင့် ပရိုတင်းပါဝင်မှုများသည့် အသားများ၊ နွားနို့၊ ပဲနို့၊ ပဲအမျိုးမျိုး စသည်တို့ကို ဦးစားပေးစားသင့်သည်။

**မီးခိုးရောင်ဆံပင်များကိုဖုံးကွယ်ခြင်း**

ဆံပင်ဖြူခြင်းက စိတ်ကသိကအောက်ဖြစ်စေသည်ဆိုလျှင် မိမိအသားအရောင်နှင့်လိုက်ဖက်မှုရှိသည့် ဆံပင်အရောင်ကို ပြောင်းလဲနိုင်သည်။ အဆိုပါအရောင်များသည် ရက်အနည်းငယ်ခံပြီး ဆံပင်ဖြူများကို ချက်ချင်းမတွေ့နိုင်ပါ။ အရောင်ငြိမ်ငြိမ်အသုံးပြုပြီး လိုင်းဖော်ထားသည့် အရောင်များကြားထဲတွင် မီးခိုးရောင်ဆံပင်ကရောနှောသွား၍ ဆံပင်ဖြူကို ရုတ်တရက်မတွေ့နိုင်ပါ။

ငယ်ရွယ်သူမိန်းကလေးများက ဆံပင်ဖြူခြင်းကို အရွယ်ကျသွားသည်ဟု ထင်မြင်ကြသည်။ ဆံပင်အရောင်သည် ငယ်ရွယ်ပြီး တက်ကြွသောအမျိုးသမီးတစ်ယောက်အတွက် မည်သို့မျှ သိသိသာသာပြောင်းလဲခြင်းမရှိပါ။

လူတစ်ယောက်တွင်ရှိသည့် တက်ကြွလန်းဆန်းမှုနှင့် စိတ်ကူးစိတ်သန်းများက ဆံပင်ဖြူရုံမျှနှင့် ပြောင်းလဲခြင်းမရှိပါ။ ဆံပင်အရောင်တစ်ခုတည်းဖြင့် အလှအပသည် ပြည့်စုံသွားမည်မဟုတ်ပါ။ မိမိဘဝကို ကျေနပ်နှစ်သက်ပြီး ပျော်ရွှင်စွာဖြတ်သန်းသည်ကသာ အမျိုးသမီးတစ်ယောက်အတွက် တကယ့်အလှစစ်ကိုဖြစ်စေသည်။

ဆံပင်ဖြူခြင်းအတွက် အိမ်တွင်းကုထုံးတချို့ရှိသည်။ သဘာဝကုထုံးကို သုံးစွဲလိုသည့် ဆံပင်ဖြူသူများအတွက် အကြံပြုလိုသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

**အုန်းဆီ**

ညတိုင်း သို့မဟုတ် တစ်ညခြား အိပ်ရာမဝင်မီ ဆံပင်နှင့် ဦးရေပြားကို အုန်းဆီလိမ်းပြီး နှိပ်နယ်ပေးသင့်သည်။ နောက်တစ်နေ့နံနက်တွင် ပုံမှန်အတိုင်း ခေါင်းလျှော်သင့်သည်။

**ချင်း**

ခြစ်ထားသော ချင်းလတ်လတ်ဆတ်ဆတ်လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာကို ပျားရည်တစ်ဇွန်းနှင့်ရောပြီး စားသုံးသင့်သည်။

**ဆီးဖြူသီး**

နေ့စဉ် ဆီးဖြူသီးဖျော်ရည်တစ်ခွက်သောက်သုံးသင့်သည်။ သို့မဟုတ် တစ်ပတ်လျှင် တစ်ကြိမ် အဆီထုတ်ထားသော ဆီးဖြူသီးအဆီဖြင့် ဆံပင်ကို နှိပ်နယ်ပေးသင့်သည်။

**နှမ်းနက်စေ့**

နှမ်းနက်စေ့ကို တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ ထမင်းစားဇွန်းတစ်ဇွန်းစားခြင်းက ဆံပင်ဖြူသည့်ဖြစ်စဉ်ကိုနှေးကွေးစေပြီး ဖြူနေသောဆံပင်ကို ပြန်လည်နက်မှောင်လာစေသည်။

**ပျဉ်းတော်သိမ်ရွက်**

ကြိတ်ခြေထားသော ပျဉ်းတော်သိမ်ရွက် ခွက်တစ်ခွက်၏ လေးပုံတစ်ပုံနှင့် ဒိန်ချဉ်ခွက်တစ်ဝက်စာတို့ကိုရောပြီး ဦးရေပြားပေါ်လိမ်းကာ မိနစ် ၃၀ အကြာတွင် ရေဆေးချသင့်သည်။ ထိုနည်းအတိုင်း တစ်ပတ်လျှင် တစ်ကြိမ်မှ သုံးကြိမ်အထိ ပြုလုပ်နိုင်သည်။

**ကြက်သွန်နီ**

ကြက်သွန်နီကို မွှေစက်ဖြင့်ကြိတ်ခြေပြီး အရည်ညှစ်သင့်သည်။ ရလာသည့် ကြက်သွန်နီအရည်ကို ဦးရေပြားအား တစ်ပတ်လျှင်နှစ်ကြိမ် ညင်သာစွာပွတ်လိမ်းပေးသင့်သည်။ မိနစ် ၃၀ ကြာပြီးနောက် ပုံမှန်အတိုင်း ခေါင်းလျှော်သင့်သည်။

**မုန်လာဥနီဖျော်ရည်**

မုန်လာဥနီဖျော်ရည်ကို တစ်နေ့တစ်ခွက်သောက်သုံးခြင်းက ဆံပင်ဖြူခြင်းကို သက်သာစေသည်။

**ဗာဒံစေ့ဆီ**

ဗာဒံစေ့ဆီ၊ သီဟိုဠ်နှင့် ဆီးဖြူသီးအရည်တို့ကို အချိုးညီညီရောစပ်၍ ဆံပင်နှင့် ဦးရေပြားကို ညင်သာစွာနှိပ်နယ်ပေးပြီး လိမ်းပေးသင့်သည်။ တစ်နေ့လျှင် နှစ်ကြိမ်နှင့် တစ်ပတ်လုံးပြုလုပ်ပေးသင့်သည်။

အချုပ်အားဖြင့်ဆိုသော် အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းက မျိုးရိုးဗီဇနှင့်လည်း သက်ဆိုင်သောကြောင့် အရွယ်ငယ်ငယ်ဖြင့် ဆံပင်ဖြူသောမျိုးရိုးရှိလျှင် ကျန်းမာရေးနှင့်သင့်လျော်သည့် အစားအစာများကို စားပေးသင့်ကြောင်း ကျန်းမာရေးသုတရရှိစေရန် ရေးသားတင်ပြလိုက်ရပါသည်။

> **"ဆံပင်ဖြူခြင်း၏ အဓိကအကြောင်းရင်းမှာ စိတ်ဖိစီးမှုများခြင်း၊ အလုပ်များခြင်း၊ ပင်ပန်းလွန်းခြင်း၊ နာမကျန်းဖြစ်ခြင်း (တချို့ရောဂါများက ဆံပင်ဖြူစေသည်)၊ အာဟာရချို့တဲ့ခြင်း၊ နေရောင်ခြည်နှင့် ထိတွေ့မှုများခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ မကြာခဏပေါင်းတင်ခြင်း၊ ဆံပင်ဆေးဆိုးရာတွင် ကျွမ်းကျင်မှုမရှိခြင်းနှင့် ကြိမ်ဖန်များစွာဆိုးခြင်း စသည်တို့ကြောင့် လူငယ်များ ဆံပင်ဖြူရခြင်းဖြစ်သည်။**
>
> **လူတစ်ယောက်စီတိုင်းတွင် ငွေရောင်ဆံပင်၊ ရွှေအိုရောင်ဆံပင်၊ နက်မှောင်တောက်ပြောင်သောဆံပင် စသည်ဖြင့် အရောင်အမျိုးမျိုးကွဲပြားနိုင်သော်လည်း တစ်ချိန်ချိန်တွင် ဆံပင်ဖြူခြင်းဖြစ်စဉ်ကို ရင်ဆိုင်ရမည်ဖြစ်သည်. . ."**

# ဘိုကလေးမြို့နယ်၌ စားတော်ပဲများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာ

ဘိုကလေး ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ စားတော်ပဲများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း ဘိုကလေးမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သင်းသင်းဌေး၏ ပြောကြားချက်အရ သိရသည်။

ဘိုကလေးမြို့နယ်၌ ယခုနှစ် မေလနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါစားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀ မှ ၁၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက် အရောင်းအဝယ်ပိုကောင်းလာပါတယ်။ ပြည်တွင်းစားသုံးမှုများလာတာကြောင့် အခုလိုအရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိအရောင်းအဝယ်ကောင်းနေတဲ့ စားတော်ပဲတွေက ဆောင်းကာလကကျန်တဲ့ ပဲအဟောင်းတွေဖြစ်ပါတယ်။ လက်ရှိ ဒေသထွက်စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ ဝယ်လိုအားကောင်းလာပါတယ်"ဟု ဒေါ်သင်းသင်းဌေးကပြောသည်။

ဘိုကလေးမြို့နယ်၌ စားတော်ပဲအပါအဝင် တခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ဒုတိယသမ္မတ ဦးညိုစော ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး H. E. Mr. Anton Kobyakov နှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ရော့စ်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC-Investments) ညွှန်ကြားရေးမှူး Mr . Alexander Sergeevich Shatirov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၃

(၂၉)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်(29th St. Petersburg International Economic Forum- SPIEF 2026)သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီအမှုဆောင် အတွင်းရေးမှူး H. E. Mr. Anton Kobyakov နှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC-Investments) ညွှန်ကြားရေးမှူး Mr . Alexander Sergeevich Shatirov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့တွင် စိန့်ပီတာစဘတ်မြို့ရှိ EXPO-FORUM Convention and Exhibition Centre ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီအမှုဆောင်အတွင်းရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့အပါအဝင် ကဏ္ဍစုံ ကျယ်ပြန့်စွာ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း။

ရော့စ်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC-Investments)ညွှန်ကြားရေးမှူးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ရော့စ်ကွန်ဂရက်စ်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့အကြား စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့၌ အကောင်အထည်ဖော်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ဆက်လက်တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီအမှုဆောင်အတွင်းရေးမှူး၊ ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးတို့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများအား တွေ့ဆုံ



နေပြည်တော် ဇွန် ၃

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဒုတိယထပ်အစည်းအဝေးခန်းမ၌ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပူးပေါင်းကော်မတီနှစ်ရပ်သည် ပြည်ထောင်စုလွှတ်တော်၏အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြဋ္ဌာန်းရေးလုပ်ငန်းကိုအထောက်အကူပြုပေးနေသည့် အဓိကကော်မတီများလည်းဖြစ်ပါကြောင်း၊ ယခုလို ပူးပေါင်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုသည် လွှတ်တော်အစည်းအဝေးများတွင် ဥပဒေကြမ်းတစ်ခုချင်း၏ အကြောင်းအရာများ၊ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သက်ရောက်မှုများကို အသေးစိတ်လေ့လာဆွေးနွေးရန် အချိန်လုံလောက်ခြင်းမရှိသည့်အတွက် လွှတ်တော်အတွင်းကော်မတီများ ဖွဲ့စည်းပြီး ဥပဒေများကို အသေးစိတ်လေ့လာစိစစ်ကာ အကြံပြုချက်များ ဖော်ထုတ်ခြင်း၊ ဥပဒေကြမ်းပါအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆွေးနွေးဆုံးဖြတ်ခြင်းများစသည်တို့ကို အချိန်ယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် **ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများကို လွှတ်တော်အတွင်းမှ (Sub-Parliament)လွှတ်တော်ငယ်များ**ဟု နိုင်ငံတကာက တင်စားခေါ်ဝေါ်ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၇၊ ၁၂၈၊ ၁၂၉ နှင့်အညီ ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များပါ ဥပဒေကြမ်းတစ်ရပ်ရပ်နှင့် စပ်လျဉ်းပြီး ကော်မတီကပြင်ဆင်ရန် အကြံပြုချက်များ ပေးပို့ရာတွင် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော အကျုံးဝင်သည့် အကြံပြုချက်များ ဖြစ်ရမည်ဖြစ်ပါကြောင်း။

ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပါကြောင်း၊ ထူးခြားမှုအနေဖြင့် ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ်ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရေးနှင့် ယင်းအစည်းအဝေးမှတ်တမ်းများကိုလည်း ဖြန့်ဝေခြင်းများ မပြုရပါကြောင်း။

ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် လွှတ်တော်နှစ်ရပ် သဘောတူညီသော ဥပဒေကြမ်းများမှလွဲပြီး အခြားဥပဒေကြမ်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲထားသည့် ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်နှင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းစသည့် ဥပဒေကြမ်းများအားလုံးကို မိမိတို့ကော်မတီမှစိစစ်သုံးသပ်ပြီး သဘောထားမှတ်ချက်တင်ပြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်းဆွေးနွေးခြင်းမှအစပြုပြီး ဥပဒေအဖြစ်ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံပေးပို့နိုင်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀(ခ)အရပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့် နှစ်စဉ်နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အသေးစိတ်လေ့လာစိစစ်ခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၁ အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရငွေသုံးငွေများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအပေါ်စိစစ်ခြင်း၊ ထိုကဲ့သို့စိစစ်ရာတွင် လွှတ်တော်သို့တင်ပြထားသည့် လျာထားရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊ သုံးစွဲခွင့်ပြုထားသောငွေများကို သတ်မှတ်ထားသောကိစ္စအတွက် ဘဏ္ဍာရေးစည်းမျဉ်း၊

**စာမျက်နှာ ၁၂ သို့ ⇨**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ အိန္ဒိယနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးအပြန်ခရီးစဉ်တွင် လာရောက်ကြိုဆိုကြသည့် ပြည်သူများ၏ဂုဏ်ယူဝမ်းသာပီတိစကားသံများ



ဦးတင်မြင့်



ဦးနေလင်းထွန်း



ဒေါ်မေယဉ်မွန်



မခင်နှင်းမိုး



ဦးဘိုဘိုသိန်း



ဦးစိန်လွင်

**ဦးတင်မြင့်(မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ)**

ကျွန်တော်တို့ ဟိန္ဒူဝင်မျိုးနွယ်စုက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ အိန္ဒိယနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး အပြန်ခရီးစဉ်တွင် လူဦးရေ ၅၀၀ လာရောက်ကြိုဆိုကြတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့အိန္ဒိယချစ်ကြည်ရေးခရီးစဉ်က အင်မတန်မှကောင်းပါတယ်။ မြန်မာ-အိန္ဒိယချစ်ကြည်ရေး ပိုပြီးခိုင်မာတိုးတက်စေပါတယ်။ နှစ်ဦးနှစ်ဖက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစစအရာရာမှာ ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။ သမ္မတကြီးရဲ့ လုပ်ဆောင်ချက်တွေကို မီဒီယာတွေပေါ်မှာလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်ဝမ်းသာပီတိဖြစ်မိပါတယ်။ မြန်မာနိုင်ငံက ကောက်ပဲသီးနှံအများဆုံးစိုက်တဲ့နိုင်ငံဖြစ်တယ်။ အများဆုံးတင်ပို့ရောင်းချနိုင်ပြီး ဝယ်ယူတာကလည်း အိန္ဒိယနိုင်ငံဖြစ်တယ်။ ခရီးစဉ်မှာလည်းဆွေးနွေးကြတာဖြစ်တယ်။ မြန်မာနိုင်ငံအတွက် ဒီထက်မကလည်း ပိုမိုတိုးတက်လာမယ်လို့ ကျွန်တော်မြင်မိပါတယ်။

**ဦးနေလင်းထွန်း( နေပြည်တော်ဟာသလူရွှင်တော်အစည်းအရုံးဥက္ကဋ္ဌ)**

နိုင်ငံတော်သမ္မတကြီး အိန္ဒိယချစ်ကြည်ရေးခရီးစဉ်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတွေရဲ့ဆွေးနွေးမှုအပေါ်မှာ မြန်မာနိုင်ငံအတွက် ကောင်းမွန်တဲ့ခရီးလို့ပြောလို့ရပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရေးလည်း ချစ်ကြည်ရင်းနှီးမှုတွေကိုပိုမိုရရှိခဲ့တယ်။ အိန္ဒိယချစ်ကြည်ရေးခရီးစဉ်က တရားဝင်ခရီးဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံတော်သမ္မတကြီး သွားရောက်ရတာအလွန်ဂုဏ်ယူမိပါတယ်။ မင်္ဂလာရှိတဲ့ခရီးစဉ်လို့လည်းပြောလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အများကြီးအောင်မြင်မှုများနဲ့အတူယူဆောင်လာမယ်လို့ ထင်မြင်မိပါတယ်။

**ဒေါ်မေယဉ်မွန် အ.ထ.က(၆)ကျောင်းအုပ်ဆရာမကြီး**

နိုင်ငံတော်သမ္မတကြီးရဲ့အိန္ဒိယချစ်ကြည်ရေးခရီးစဉ်အပြန်မှာ တစ်ထောင့်တစ်နေရာကနေပါဝင်ကြိုဆိုခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မတို့နိုင်ငံအတွက်လည်း ဒီချစ်ကြည်ရေးခရီးစဉ်ကဂုဏ်ယူဖို့ကောင်းပါတယ်။ ကျွန်မတို့ကျောင်းက သမ္မတကြီးရဲ့ခရီးစဉ်ကြိုဆိုပွဲမှာ ဘင်ခရာ၊ ပန်းဖွားအကတို့ကို လူဦးရေစုစုပေါင်း ၁၇၃ ဦးနဲ့ ပါဝင်အားဖြည့်သွားမှာဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်လေးတွေက နောင်တစ်ချိန်အနာဂတ်မှာ လူကြီးတွေဖြစ်လာမှာဖြစ်တယ်။ သူတို့လေးတွေရဲ့လုပ်ဆောင်ချက်ကလည်း အများကြီးအရေးပါတယ်။ လူငယ်တွေအတွက်လည်း အခွင့်အလမ်းကောင်းတွေရရှိမယ်လို့လည်းထင်ပါတယ်။

**မခင်နှင်းမိုး(ပြည်သူ)**

ကျွန်မက နဝဒေးရပ်ကွက်ကနေလာပြီး သမ္မတကြီးရဲ့ ချစ်ကြည်ရေးခရီးစဉ်အပြန်ကိုလာရောက်ကြိုဆိုတာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ မြန်မာ-အိန္ဒိယချစ်ကြည်ရေးခရီးစဉ်မှာ မြန်မာနိုင်ငံအတွက်စီးပွားရေး၊ ပညာရေး၊ လူမှုရေးစတဲ့ ပူးပေါင်းဆောင်ရွက်မှု အဘက်ဘက်မှာ အောင်မြင်မှုများစွာရရှိမယ်လို့ယုံကြည်မိပါတယ်။ နိုင်ငံတော်သမ္မတကြီးကို ပထမဆုံး လာရောက်ကြိုဆိုရတာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ သမ္မတကြီးရဲ့ ပထမဆုံးခရီးစဉ်ဖြစ်တယ်လို့လည်းသိရပါတယ်။ ဒီခရီးစဉ်မှာ သမ္မတကြီးက ကျွန်မတို့နိုင်ငံအတွက် အောင်မြင်မှုတွေ ဆောင်ကြဉ်းလာမယ်လို့လည်းထင်မြင်မိပါတယ်။ TV နဲ့ ဆိုရှယ်မီဒီယာတွေမှာလည်း သမ္မတကြီးရဲ့ လုပ်ဆောင်ချက်တွေကိုလည်း တွေ့မြင်ရပါတယ်။ ကျွန်မတို့က မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက် တခြားနိုင်ငံတွေမှာ ချစ်ကြည်ရေးခရီးစဉ်သွားရောက်ရတဲ့အပေါ်မှာ အလွန်ဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံအတွက်လည်း အောင်မြင်တဲ့ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေး၊လူမှုရေး၊ ပညာရေး စတဲ့အခွင့်အရေးကောင်းများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်မထင်မြင်မိပါတယ်။ ဒီထက်မကလည်း နိုင်ငံတော်သမ္မတကြီးလည်း အောင်မြင်မှုများနဲ့အတူ နိုင်ငံအကျိုးအများကြီးဆောင်ရွက်နိုင်ပါစေလို့ ပြောချင်ပါတယ်။

**ဦးဘိုဘိုသိန်း (ပျဉ်းမနားရှမ်းအိုးစည်အဖွဲ့)**

ကျွန်တော်တို့အဖွဲ့က နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်ရဲ့ အိန္ဒိယချစ်ကြည်ရေးခရီးစဉ်မှာ ရှမ်းအိုးစည်နဲ့လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ အခုလိုမျိုး ကိုယ်တတ်တဲ့အတီးလေးနဲ့ပါဝင်ကြိုဆိုခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီခရီးစဉ်မှာ ကဏ္ဍပေါင်းစုံမြန်မာနိုင်ငံတိုးတက်ဖို့အတွက် ဆွေးနွေးခဲ့တယ်လို့လည်း ကြားသိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကြီး အစစအရာရာအားလုံး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ထင်မြင်မိပါတယ်။

**ဦးစိန်လွင်(ပြည်သူ)**

ကျွန်တော်တို့သမ္မတကြီး ချစ်ကြည်ရေးခရီးစဉ်မှာ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး ပိုမိုရင်းနှီးလာပြီး ဆက်သွယ်ရေး စတဲ့ကဏ္ဍပေါင်းများစွာကို ကောင်းခြင်းမင်္ဂလာအပေါင်းနဲ့ သယ်ဆောင်လာမယ်လို့ ယုံကြည်မိပါတယ်။ အခုလိုပြည်သူများ နိုင်ငံတော်သမ္မတကြီးကို လာရောက်ကြိုဆိုကြတာကိုလည်း တွေ့မြင်ရတယ်။ ကျွန်တော်လည်း တစ်ထောင့်တစ်နေရာကနေပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ နိုင်ငံတော်သမ္မတကြီး ကျွန်တော်တို့နိုင်ငံအတွက် ဆတက်ထမ်းပိုး ကဏ္ဍပေါင်းစုံအောင်မြင်မှုများနဲ့အတူ ဆောင်ရွက်နိုင်ပါစေလို့ ကျွန်တော်ပြောချင်ပါတယ်။

**ရွှေဖြိုး၊ လဲ့ရည်လှိုင်**

---

⇨ စာမျက်နှာ ၁၁ မှအဆက်

လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်းရှိ၊ မရှိ၊ ထိရောက်စွာ အသုံးပြု၊ မပြု၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုရှိ၊ မရှိ စိစစ်ခြင်းနှင့် လုပ်ငန်းဌာနသို့ သွားရောက်စစ်ဆေးရန် လိုအပ်ပါက နာယက၏ ခွင့်ပြုချက်နှင့်ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်မှုနှင့်ပတ်သက်ပြီး စိစစ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသားစီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် အခွန်အကောက်ဆိုင်ရာ (၆ လပတ်၊ နှစ်ပတ်လည်) အစီရင်ခံစာများ၊ ချေးငွေဆိုင်ရာအစီရင်ခံစာများကို အသေးစိတ်လေ့လာစိစစ်ဆောင်ရွက်သည့်လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုလို အသေးစိတ်လေ့လာစိစစ်ပြီးမှ လွှတ်တော်သို့အစီရင်ခံစာပြုစုပြီး လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးရန် အခြေခံကျကျတင်ပြပေးနိုင်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏ ငွေကြေး၊ ဘတ်ဂျက်ဆိုင်ရာများကို အလေအလွင့်မရှိအောင် ဥပဒေများပြဋ္ဌာန်းပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီဝင်များအနေဖြင့် မိမိတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိတိကျကျနားလည်ရန်နှင့် လုပ်ပိုင်ခွင့်ထက်ကျော်လွန် ဆောင်ရွက်ခြင်းမျိုး မပြုလုပ်မိရန်လည်း သတိပြုရန်လိုအပ်ပါကြောင်း။

ပူးပေါင်းကော်မတီများအနေဖြင့် အထူးသတိပြုရမည်မှာ ဥပဒေကြမ်းများ၊ အစီရင်ခံစာများအပေါ်စိစစ်တင်ပြသည့်နေရာတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေးမေးမြန်းခြင်းသည် လွှတ်တော်၏ Over Sight လုပ်ငန်းဖြစ်ပြီး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက်အချက်အလက်ရှာဖွေစုဆောင်းခြင်းသာဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများကို အမှုစစ်သကဲ့သို့ စစ်ဆေးမေးမြန်းသည့်ပုံစံမျိုးမဖြစ်စေရန် ဂရုပြုဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယခုလို အရေးကြီးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြရမည့် ကော်မတီဝင်များအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အခြားဆက်စပ်ဥပဒေများအားလုံးကို စေ့စေ့စပ်စပ်သေသေချာချာလေ့လာပိုင်နိုင်ကြစေရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပူးပေါင်းကော်မတီနှစ်ရပ်၏ ဥက္ကဋ္ဌ၊ ဒုတိယနာယက Jeng Phang နော်တောင်က မိမိတို့ပူးပေါင်းကော်မတီများသည် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းများကို အတည်ပြုပေးနိုင်ရေး၊ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်၊ အခွန်အကောက်ဆိုင်ရာများကို စိစစ်အတည်ပြုနိုင်ရေးအတွက် အကောင်းဆုံးအထောက်အပံ့ပေးရသည့် ကော်မတီများဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြည့်ပြည့်စုံစုံရေးဆွဲဖော်ပြထားပြီးဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် သေချာပိုင်နိုင်စွာလေ့လာထားရှိရန် အကြံပြုပြောကြားလိုပါကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် ၅ နှစ်တာကာလအတွင်း လုပ်ငန်းများကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်အမြဲတမ်းအတွင်းဝန်က တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ဖြည့်စွက်ဆွေးနွေးပြောကြားကြောင်း သိရသည်။

မြဝတီ

# အထူးကုဆေးရုံ (မင်္ဂလာဒုံ)တွင် သွားနှင့်ခံတွင်းရောဂါအထူးကုဌာနဖွင့်လှစ်



နေပြည်တော် ဇွန် ၃

ရန်ကုန်တိုင်းဒေသကြီး အထူးကုဆေးရုံ (မင်္ဂလာဒုံ)တွင် သွားနှင့်ခံတွင်းရောဂါအထူးကုဌာန ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လူမှုရေးဝန်ကြီးတို့က သွားနှင့်ခံတွင်းရောဂါအထူးကုဌာနကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး သံဃာတော်အပါး ၅၀ အား အံကပ်တပ်ဆင်ပေးနေမှု၊ သွားနှင့်ခံတွင်းရောဂါအထူးကုသခန်းများ၊ သွားနှင့်ခံတွင်းအထူးခွဲစိတ်မှုခန်းတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးပြည့်ဝသော သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူများလက်လှမ်းမီရရှိနိုင်ရေးအတွက် သွားနှင့်ခံတွင်းအထူးကုဆေးရုံကို နေပြည်တော်တွင်လည်းကောင်း၊ သွားနှင့်ခံတွင်းရောဂါအထူးကုဌာနများကို မန္တလေးပြည်သူ့ဆေးရုံကြီး ကန်တော်နဒီကုသဆောင်တွင်လည်းကောင်း၊ ရန်ကုန်အထူးကုဆေးရုံ(သာကေတ)နှင့် ရန်ကုန်တက္ကသိုလ်ဆေးရုံတို့တွင်လည်းကောင်း၊ ယခုအထူးကုဆေးရုံ(မင်္ဂလာဒုံ)တွင်လည်းကောင်း တိုးချဲ့ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် သွားနုတ်ခြင်း၊ သွားဖာခြင်း၊ သွားစိုက်ခြင်း၊ သွားကျောက်ခြစ်ခြင်း၊ အံကပ်တပ်ဆင်ခြင်းအစရှိသည့်ကုသမှုများကို လာရောက်ကုသမှုခံယူနိုင်ကြောင်း သတင်းရရှိသည်။ မြဝတီ

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ဧရာဝတီတိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တက်ရောက်

နေပြည်တော် ဇွန် ၃

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ဧရာဝတီတိုင်းဒေသကြီး အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စာရင်းအင်းဆိုင်ရာ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခဲ့မှုနှင့် ယခုထုတ်ပြန်သည့် တိုင်းဒေသကြီးအစီရင်ခံစာပါ အချက်အလက်များကိုအခြေခံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုင်ရာ ဧရာဝတီတိုင်းဒေသကြီးအစီရင်ခံစာများကို လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။

ယင်းနောက် လပွတ္တာမြို့နယ်ဦးစီးမှူးရုံး၌ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး/ပျက်စီးသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကောက်ယူခြင်းလုပ်ငန်းကို လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ကမမောင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်

ကမမောင်း ဇွန် ၃

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းနှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖာပွန်မြို့နယ် ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့်ဝန်ထမ်းများက အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးထက်မောင်ဝင်း၊ ဖာပွန်မြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးစည်သူဖြိုး၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဦး၊ ကမမောင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၀၆)

## ဖြူစင်ကြည်နူးလုံးသားနှင့် . . .

❖ အိန္ဒိယ မြန်မာ ချစ်ကြည်ရေး
ဖော်ဆောင်ပေးတဲ့ ခရီးစဉ်။
နိုင်ငံတော် သမ္မတကြီး
ပြီးမြောက်အောင်မြင်။
နှစ်နိုင်ငံ၏ အနာဂတ်တွင်
ကြည်လင်သည့် ပုံရိပ်များ။
ပြည်သူတွေ စိတ်နှလုံး
ပြုံးပီတိပွား။

❖ နှစ်နိုင်ငံ အိမ်နီးချင်း
ရင်းနှီးလို့ ချစ်ကြည်စွာ။
အပြန်အလှန် ကုန်သွယ်မှု
ပြုကြမည်သာ။
လိုအပ်ချက် ဖြည့်ဆည်းကာ
ယုံကြည်စွာ ဆက်ဆံမှု။
အေးအတူ ဖေးကူကြလို့
မျှတအောင်ပြု။

❖ ဒီမိုကရေစီ အစိုးရသစ်
နိုင်ငံချစ် ရှက်ဆောင်ပြီ။
မိမိနိုင်ငံ မိမိလူမျိုး
တိုးတက်စေမည်။
ကမ္ဘာပေါင်း စုံလင်သည်
ခေတ်မီစွာ တည်ဆောက်ရေး။
ဖြူစင်ကြည် နှလုံးသားနှင့်
တိုးပွားမယ်လေး။

❖ ပြည်သူတွေ ကြိုဆိုပြု
အောင်မြင်မှု ခရီးစဉ်။
နိုင်ငံတော် ဖွံ့ဖြိုးရေး
တွေးဆမြော်မြင်။
အေးချမ်းလို့ ပျော်ရွှင်
တွေးမြော်မြင် ခေါင်းဆောင်ကောင်း။
မြန်မာနိုင်ငံ ရှေ့ခရီးမှာ
အောင်ရွှေထီး အောင်လံလွှင့်လို့
ဂုဏ်တင့်စေကြောင်း။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

နေပြည်တော် ဇွန် ၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကယားပြည်နယ်အတွင်း စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယမန်နေ့ညနေပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင်အသက်ကို ပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

(၁၀၀)

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်)(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၈ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဇွန် ၃

နိုင်ငံတော်အစိုးရအနေဖြင့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်)(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအဖွဲ့တို့မှ အဖွဲ့ဝင်အမျိုးသား ၈ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ကျင်းပပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာပုဒ်မများအား အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် ကာဘိုင်သေနတ် ၁ လက်၊ AK-47 သေနတ် ၁ လက်၊ M4 A1 သေနတ် ၁ လက်၊ SUR-M9 A-2 YSRA 1YSO1-2419684 9mm အမျိုးအစားပစ္စတိုသေနတ် ၁ လက်၊ ကျည် ၁၅၀ တောင့်၊ ကျည်အိမ် ၆ ခု၊ စကားပြောစက် ၁ လုံး(အားသွင်းကြိုးပါ)၊ လက်ထိပ် ၁ စုံတို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် ၃ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀၊ ပစ္စတိုသေနတ် ၁ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ စကားပြောစက် ၁ လုံးအတွက် ဆုကြေးငွေကျပ် ၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၂၄ သိန်း၊ စုစုပေါင်း ဆုကြေးငွေကျပ် ၁၉၆ သိန်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့်လက်နက်၊ ခဲယမ်းများကို လွှဲပြောင်းအပ်နှံစဉ်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ၁ ဦး၊ ဘားအံမြို့နယ်မှ ၁ ဦး၊ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်မှ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်မှ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်မှ ၁ ဦး၊ မွန်ပြည်နယ်၊ ရေးမြို့နယ်မှ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်မှ ၁ ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်မှ ၁ ဦး၊ စုစုပေါင်း (၈)ဦးဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့်ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇာတေး
၃။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့
၄။ ၀၈:၃၀ သုတရသစုံလင်ဗဟုသုတပုံပြင်
၅။ ၁၀:၄၀ ဆောင်းပါးပေါ်မှစာစုများ
၆။ ၁၁:၂၅ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ
၇။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
၈။ ၁၅:၁၅ မြန်မာသံစဉ်ချိုနားဝင်
၉။ ၁၈:၁၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၀။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း
**ခပ်စိမ်းစိမ်းနေပါ့မယ်(ဒုတိယပိုင်း)**
**သရုပ်ဆောင် - ရဲအောင်၊ မို့မို့မြင့်အောင်၊**
**မေဆွိ၊ ဇေယျာ၊ သန်းသန်းစိုး၊ ခင်စိုးပိုင်**
**ဒါရိုက်တာ - အောင်မြင့်မြတ်**

★ စာမျက်နှာ ၁၇ မှအဆက်

**ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုပါသည်"** ဟူ၍ ရေးသားဖော်ပြ၍လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် နေပြည်တော်သို့ပြန်လည်ရောက်ရှိစဉ် မီဒီယာများ၏ မေးမြန်းမှုများအား ယခုကဲ့သို့ ပြန်လည်ဖြေကြားခဲ့ပါသည်-

မြန်မာနဲ့ အိန္ဒိယ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီးတော့ ကျွန်တော်သွားခဲ့တာဖြစ်ပါတယ်။ သွားတဲ့အခါမှာလည်း အိန္ဒိယခေါင်းဆောင်တွေဖြစ်တဲ့ သမ္မတကြီး၊ ဝန်ကြီးချုပ် မစ္စတာမိုဒီတို့နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးနဲ့လည်း သီးခြားတွေ့ခဲ့တာတွေရှိတယ်။

နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက်၊ နယ်ပယ်အသီးသီးမှာဆောင်ရွက်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက်သဘောတူညီချက်၊ နှစ်ဖက်ပူးတွဲကြေညာချက်လည်း ထုတ်ခဲ့တာရှိပါတယ်။ အဓိကကတော့ ကျွန်တော်တို့ဘက်က အလုပ်ကိုပိုပြီးတော့မှလုပ်ရမယ်၊ ကုန်ထုတ်လုပ်မှုတွေ လုပ်ကြဖို့ပါ။ ဒါမှ ကျွန်တော်တို့ကုန်သွယ်မှုကို သွားနိုင်မယ်။ တစ်ဖက်က ကျန်တဲ့လိုအပ်ချက်တွေလည်း ပြည်သူလူထုအပိုင်းက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ဖို့ရှိပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မီဒီယာများ၏မေးမြန်းမှုများကို ဖြေကြားစဉ်။

ကျွန်တော်တို့ ဒီလိုလုပ်နိုင်ဖို့ တည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်။ တည်ငြိမ်အေးချမ်းမှလည်း လုပ်လို့ရမှာဖြစ်တယ်။ ဒါကြောင့် ပထမဦးဆုံးသွားတဲ့ အိန္ဒိယအပိုင်းနဲ့ပတ်သက်ရင် အိန္ဒိယနယ်စပ်မှာရှိတဲ့ သက်ဆိုင်သူများအနေနဲ့ တိုင်းပြည်ကောင်းစေချင်တယ်ဆိုရင် တိုင်းပြည်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ကြိုးစားဖို့လိုပါတယ်။ သူတို့ရဲ့ သဘောထားတွေ ပြန်လည်သုံးသပ်ပြီးတော့မှ ကျွန်တော်တို့တိုင်းပြည်ကိုကောင်းအောင် ဆောင်ရွက်သွားဖို့လိုပါလိမ့်မယ်။

ဒီလိုပဲ တခြားနယ်မြေတွေမှာရှိနေတဲ့၊ အကြောင်းအမျိုးမျိုးကြောင့် တည်ငြိမ်မှုထိခိုက်နေတဲ့ နယ်မြေတွေမှာရှိတဲ့လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေနဲ့လည်း တိုင်းပြည်အတွက် ပြန်လည်သုံးသပ်ပြီးတော့မှ တိုင်းပြည်ကောင်းအောင်လုပ်ဖို့အတွက် ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့၊ နိုင်ငံရေးစကားပြောရင် ဒီမိုကရေစီနည်းလမ်းတကျ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် တိုင်းပြည်ကဘာမှမကြာပါဘူး၊ တိုးတက်မှာသေချာပါတယ်။

နောက်တစ်ခုက အခုပြီးခဲ့တဲ့ တနင်္လာနေ့ကစပြီး ကျောင်းတွေဖွင့်ပါတယ်။ ကျောင်းတွေဖွင့်တဲ့အခါမှာ ကျောင်းနေအရွယ်တွေအားလုံး ကျောင်းနေပြီးတော့ ပညာရေးမြှင့်တင်မှုနဲ့အတူ အချိန်အတိုင်းအတာတစ်ခုပေးပြီး ကြိုးစားသွားမယ်ဆိုရင် ကျွန်တော်တို့မျှော်မှန်းတဲ့ လူမှုပန်းတိုင်တွေကို ကောင်းကောင်းမွန်မွန်ရောက်မယ်လို့ မျှော်မှန်းပါတယ်။ ပြည်သူလူထုအနေနဲ့ ကြိုးစားပေးကြဖို့၊ အလုပ်လုပ်ပေးကြဖို့၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ပဲ ကျွန်တော်ပြောချင်ပါတယ်။

ခရီးစဉ်ကအောင်မြင်ပါတယ်၊ အောင်မြင်တာလည်းသေချာပါတယ်။ မှတ်ချက်ကတော့ မျိုးစုံပေးကြမှာပါ။ အဲဒီမှတ်ချက်တွေမှာ ကောင်းတဲ့မှတ်ချက်တွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့သွားရတာလည်း ပင်ပန်းရကျိုးလည်းနပ်ပါတယ်။

ဗုဒ္ဓဂယာမှာ တိုင်းပြည်အေးချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ။ ပြည်သူတွေကိုယ်စိတ်နှလုံးချမ်းမြေ့စွာနဲ့ လုပ်ကိုင်စားသောက်နိုင်ကြပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်၊ အားလုံးကိုကျေးဇူးတင်ပါတယ်။ မြဝတီ

# တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် ဇွန် ၃**

နေပြည်တော်အတွင်းရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်လာရောက်လည်ပတ်ကြသည့် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း၊ အဖွဲ့တို့မှ အဖွဲ့ဝင် ၃၆ ဦးနှင့် အုပ်ချုပ်သူငါးဦး စုစုပေါင်း ၄၁ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိကြသည်။

အဆိုပါ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များသည် ဇွန်လ ၄ ရက်နှင့် ၅ ရက်တို့တွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်၊ သူရဲကောင်းစစ်သည်ဗိမာန်၊ လေ့ခွင်းတောင်အပန်းဖြေစခန်း၊ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်(ဗုဒ္ဓဂယာ)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (တပ်ကုန်း)နှင့် စစ်သမိုင်းပြတိုက်တို့သို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရန်နှင့်ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာစေရန်ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ကြီးကြပ်မှု၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၏ စီစဉ်မှုဖြင့် နေပြည်တော်လေ့လာရေးခရီးစဉ်ကို နဝမအကြိမ်အဖြစ် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မြဝတီ

# မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲနှင့် မျိုးစေ့ထုတ်နည်းပညာပေးဆွေးနွေးပွဲကျင်းပ

**တောင်ကြီး ဇွန် ၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့နယ် သံတဲကျေးရွာအုပ်စု သံလွန်းကျေးရွာ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မိုးစပါး၊ ပဲပုပ်၊ နေကြာမျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့၊ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲနှင့် မျိုးစေ့ထုတ်နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့နှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်ပြီး တောင်သူဦးရဲမော်စိုက်ခင်း၌ ပျိုးဗန်းစနစ်ဖြင့် ပျိုးထောင်ထားရှိမှု၊ စက်မှုလယ်ယာဦးစီးဌာနမှ ပြသထားသော ကောက်စိုက်စက်နှင့် မျိုးစေ့ချစက်များနှင့် သံလွန်းကျေးရွာဒေသခံပြည်သူများ ထိန်းသိမ်းထားသောကင်တုန့်ရေကန်တို့ကို ကြည့်ရှုကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မိုးစပါးထွန်ယက်စိုက်ပျိုးမည့် တောင်သူများ လက်ဝယ်အရောက် စက်သုံးဆီများဖြန့်ဖြူးရောင်းချ

**ဘားအံ ဇွန် ၃**

ဘားအံမြို့နယ်အတွင်းရှိ မိုးစပါးထွန်ယက်စိုက်ပျိုးကြမည့် တောင်သူလယ်သမားများ မိုးစပါးထွန်ယက်နိုင်ရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စိုက်ပျိုးတောင်သူများ လက်ဝယ်အရောက် စက်သုံးဆီများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဇွန်လ ၂ ရက် နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၈) ရပ်ကွက်ရှိ ဆီဆိုင်၌ စက်သုံးဆီများကို ဖြန့်ဖြူးရောင်းချပေးသည်။

ယခုကဲ့သို့ စက်သုံးဆီဖြန့်ဖြူးရောင်းချပေးခြင်းသည် စိုက်ပျိုးတောင်သူများ ရေပြည့်ဝစွာရရှိရေး ရေတင်နိုင်ရန်၊ မိုးစပါးနှင့်အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး မြေယာထွန်ယက်ပြုပြင်နိုင်ရန်အတွက် ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကာ တောင်သူတစ်ဦးလျှင် စက်သုံးဆီ ၅ ဂါလန်နှုန်းဖြင့် ကျေးရွာပေါင်း ၂၀ မှ တောင်သူ ၄၀၀ ဦး၏ စိုက်ဧက ၁၀၀၀ အတွက် စက်သုံးဆီဂါလန် ၂၀၀၀ ကို ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မဟာရာရှ်ထရာပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး H.E. Sawant၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မွမ်ဘိုင်းမြို့၊ Chhatrapati Shivaji Magaraj အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့်စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

✯ ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့်ဆွေးနွေးချက်များကို ဆွေးနွေးနိုင်ခဲ့သည်။ ထို့အပြင် သမိုင်းဝင်အထင်ကရနေရာများနှင့် စက်မှု၊ ဆိပ်ကမ်းနှင့်စွမ်းအင်ဆိုင်ရာစီမံကိန်းနေရာများကိုသွားရောက်လေ့လာခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ အိန္ဒိယခရီးစဉ်လှုပ်ရှားမှုပုံရိပ်များကို LED Board များဖြင့် လေဆိပ်မှနေပြည်တော်သို့ဝင်ရောက်ရာလမ်းတစ်လျှောက် ကြိုဆိုဂုဏ်ပြုမှုကိုတွေ့ရစဉ်။

ဘာသာရေး၊ ယဉ်ကျေးမှုနှင့်လူမှုရေး၊ ခရီးသွားဆိုင်ရာကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးနှင့်စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးနှင့်မွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့်အတွက် အိန္ဒိယ-မြန်မာချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူသားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ အိန္ဒိယရိုးရာအကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်ထိလည်းကောင်း၊ တပ်မတော်လေဆိပ်အဝင် လမ်းတစ်လျှောက်တွင်လည်းကောင်း **"အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုအစွန့်ရှည်ပါစေ။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက်တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါသည်။ အိန္ဒိယ-မြန်မာချစ်ကြည်စွာ တွဲလက်မြဲပါစေ။ အိန္ဒိယ-မြန်မာပူးပေါင်းအား မုချအောင်မြင်ပါစေ။ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏။ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးကိုခိုင်မြဲစေသော နိုင်ငံတော်သမ္မတကြီးနှင့်အဖွဲ့ဝင်များအား လှိုက်လှဲစွာကြိုဆိုပါ၏"**ဟူသောစာတန်းများပါရှိသည့် ဗီနိုင်းများကိုင်ဆောင်၍ လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံ၊ အိန္ဒိယသမ္မတနိုင်ငံအလံတို့ကို အသီးသီးကိုင်ဆောင်ဝှေ့ယမ်းကာ**"အိန္ဒိယ-မြန်မာချစ်ကြည်ရေး အစွန့်ရှည်ပါစေ။ အမျိုးဘာသာ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ကျန်းမာပါစေ၊ ကျန်းမာပါစေ။ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးခိုင်မြဲပါစေ၊ ခိုင်မြဲပါစေ။ အိန္ဒိယ-မြန်မာချစ်ကြည်ရေးအစွန့်ရှည်ပါစေ"**ဟု ကြွေးကြော်လျက်လည်းကောင်း၊ လေဆိပ်မှနေပြည်တော်သို့ ဝင်ရောက်ရာလမ်းတစ်လျှောက် အဓိကနေရာများရှိ LED Board များ၌လည်း နိုင်ငံတော်သမ္မတ၏အိန္ဒိယခရီးစဉ် လှုပ်ရှားမှုပုံရိပ်များဖြင့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား** စာမျက်နှာ ၁၅ သို့ ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar-India Business Dialogue held, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing




President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the Myanmar-India Business Dialogue.

NAY PYI TAW June 3

The Myanmar-India Business Dialogue took place at The Taj Mahal Palace Hotel in Mumbai, India this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing, who was on an official visit to India.

On arrival at the hotel, the President was welcomed by Patron of Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) U Aung Ko Win, Chairman U Aye Win and members, and Chairman of Myanmar-India Friendship Association U Win Myint and members.

Also present were union ministers and other members of the delegation led by the President, officials of the Indian Government, the Myanmar ambassador to India, the Indian ambassador to Myanmar and officials, the patron and members of UMFCCI, the chairman and members of the Myanmar-India Friendship Association, invited entrepreneurs from Myanmar and India, and honoured guests.

In his keynote address, the President expressed his pleasure at having the opportunity to visit Mumbai, widely known as "The Gateway of India." The city is also home to UNESCO World Heritage Sites and houses a large number of historical landmarks. “It is an honour and a joy for me to meet with departmental representatives and partner entrepreneurs from both Myanmar and India,” he noted.

Reflecting on the history of their anti-colonial struggles, the diplomatic relations between Myanmar and India have now reached their 78th anniversary. The two nations have shared strong bonds of religious and cultural interconnection since ancient times. Sharing a long land and maritime border, the present moment is ideal for accelerating bilateral cooperation through economic, trade, and investment projects. Indeed, his current official visit will serve as a strategic driving force to promote India’s cooperation, trade, investment, and value chains with Myanmar, in alignment with India's Act East Policy and Neighbourhood First Policy.

Following many years of political instability under various circumstances, Myanmar now enjoys favorable conditions to restore and maintain stability under a democratically elected government that emerged from the 2025 elections. As Myanmar restores political stability and cooperates with India, the latter will find an abundance of new opportunities.

“In this regard, I chose India as my first foreign destination to enhance bilateral economic and trade cooperation shortly after taking presidential office,” he said, adding, “During the visit, I held talks with the Indian Prime Minister, H.E. Shri Narendra Modi, and the Indian President, H.E. Smt. Droupadi Murmu.” He continued, “I was able to cement economic relations between our two countries and reach bilateral agreements through the Myanmar-India Trade and Investment Conclave held in New Delhi. Hence, the current landscape is highly favorable for Indian officials and businesses to cooperate with Myanmar as a credible partner.”

India stands as Myanmar’s fourth-largest trading partner. The two nations have already established numerous business agreements, historically conducting border trade through relevant checkpoints. Myanmar’s main exports to India include beans and pulses, forest products, fisheries, and minerals. According to statistics issued in Myanmar, exports to India reached US$-1.326 billion in fiscal year 2025–2026, while India's annual export value to Myanmar stood between US$-600 million and 800 million. The primary Indian goods imported by Myanmar were medicines, petroleum products, chemicals, automobiles and accessories, electronic items, motorcycles, and tractors.

The President stated, “As the bilateral trade volume was just over US$-2 billion, I was able to initiate a plan to boost trade volume to US$-3 billion in the first phase, and US$-5 billion in the second stage during my discussions with the Indian Prime Minister.” He noted that a direct Kyat-Rupee settlement mechanism was reached in the trade sector, following talks with officials from the Reserve Bank of India. As Myanmar seeks to purchase more Indian goods, India should boost its exports—especially iron and steel, cement, medicines, fuel, and solar panels. Conversely, Myanmar aims to export more beans and pulses, oil crops, fisheries, forest products, textiles, rice, and rubber products to India. He also expressed a strong desire to promote tourism, noting that Myanmar is home to many people of Indian descent who travel frequently between the two countries, alongside a steady flow of Buddhist pilgrims visiting Bodh Gaya. Given India's advanced healthcare and education sectors, he emphasized that there are significant opportunities for India to invest in these two fields within Myanmar.

India’s investment in Myanmar amounts to over US$-94 billion, making it the 11th largest investor among countries investing in Myanmar. Therefore, the President extended an invitation for more investment to be made in the country, particularly in sectors such as agriculture and livestock, oil and natural gas, industry, transport, telecommunications, and services. The President also noted that, in addition to trade in imported goods, investment could be made in local production activities in Myanmar. In doing so, certain products could be exported not only to the Myanmar market but also to neighbouring countries such as Laos, Vietnam, and Cambodia. India is a leading country in the information, digital, and advanced technology sectors, and invited high-tech industries from India to come and invest in Myanmar. Regarding pharmaceuticals, India is a global leader in pharmaceutical production and that most of Myanmar’s pharmaceutical imports are sourced from India. Therefore, the President encouraged investment in pharmaceutical manufacturing within Myanmar. Similarly, as

See Page - 19

●● From Page - 18

India is also among the world's leading countries in renewable energy, the President noted that there are significant opportunities for investment in Myanmar, which has a demand for electricity. Detailed discussions could be held with Union Ministers accompanying him, as well as with officials from theRepublic of the Union of Myanmar Federation of Chambers of Commerce and Industry, to further explore these opportunities. Arrangements would be made to facilitate faster processes for trade and investment. Enhancing cooperation would further strengthen the friendship between the two countries, as well as reinforce their historically established relations. Diplomatic relations between the two countries have reached 78 years and will mark their 80th anniversary in 2028, and the President expressed a desire to promote bilateral trade activities in preparation for this 80th anniversary milestone.

Indian entrepreneurs discussed the operating investments by Indian businesspersons in Myanmar, expressing thanks to the President for his encouragement to further promotion of investment and trading process between the two countries, their confidence for the trip to India of the President to further enhance friendly ties and cooperation between the two countries, cooperation in technology, investment, and bio energy production sectors, and further promotion of cooperation in manufacturing of necessary machinery and fertilizers for mining and agricultural sectors.

In response to the discussions presented, the President invited investment from India into Myanmar, including in bioenergy. The President also extended an invitation for investment in the bioenergy sector. Regarding mining, the President stated that instead of exporting domestically produced minerals as raw materials, it would be more beneficial to process them into finished products within the country before exporting them. The President underlined that Myanmar is a country that prioritizes the agricultural sector and therefore welcomed investment in projects that can bring real and effective benefits to agriculture. The President further added additional remarks on other necessary matters.

After the meeting, the President cordially greeted the Indian businesspersons and had documentary photos taken with them.

The President and party visited the Gateway of India, Mumbai. Officials welcomed the President. The President and party looked round the Gateway of India, Mumbai. Officials conducted them round the building. The President asked them about what he wanted to know.

The Gateway of India, Mumbai, is a world-famous historic monument located on the Mumbai beach, India. It was built to commemorate the first visit of King George V and Queen Mary of the United Kingdom to India in 1911, marking the spot where they first set foot in the country. Construction began in 1915 and was completed in 1924. After India gained independence in 1948, the last remaining British regiments departed from India by sailing through this archway, making it a symbolic site representing the end of British rule. The structure's architecture is of the Indo-Saracenic style, which blends 16th-century Gujarati Islamic and Hindu traditional architectural elements. It is built using yellow basalt stone, and the central arch rises to a height of approximately 85 feet. The Gateway of India is regarded as an iconic landmark of Mumbai, often referred to as "the Taj Mahal of Mumbai", and remains a major tourist attraction visited with great interest by travelers from around the world.

The President and party arrived at the Chhatrapati Shivaji Maharaj International Airport where they were welcomed by officials and viewed round the work procedures of the airport. After hearing the clarification about the airport, the President asked them about things what he wanted to know.

**Myawady**

---

■■ From Page - 21

**in friendship," "May united strength of India-Myanmar succeed without fail," "Warmly welcome to President U Min Aung Hlaing, who exerted efforts for all-round development of Myanmar, and "Warmly welcome to the President and delegation, that strengthen India-Myanmar friendship,** waving the flags of India and Myanmar and shouting slogans, **"Long live India-Myanmar friendship," "May President U Min Aung Hlaing, who made concerted efforts for the race, religion and Sasana, be healthy," "May India-Myanmar friendship be strong," and "Long live India-Myanmar friendship,"** and setting up LED boards depicting the images of the visit of the President and saying **"Warmly welcome to President of the Republic of the Union of Myanmar"** along the road from the airport to Nay Pyi Taw.

On arrival in Nay Pyi Taw, the President responded to media questions as follows-

I visited India based on the existing friendship between India and Myanmar. During the visit, I held talks with Indian leaders such as the President and Prime Minister Mr. Modi. I also met with the minister of external affairs separately.

We were able to discuss tasks for respective sectors for economic cooperation and another point was expansion of investment. We issued bilateral agreements and joint declarations. What is important is that we must work harder. We must carry out production operations. Only then, will we be able to go to trade. On one hand, the public is required to make concerted efforts for other requirements.

To do so, stability is important. Only when the country is stable and peaceful, will we be able to do so. In connection with my visit to India as the first foreign trip, stakeholders in India border areas, if they want to see the benefits for the country, are required to cooperate with the country and to try to cooperate through peaceful means. After reviewing their attitudes, we will have to make efforts for the betterment of the country.

In the same way, if individuals and organizations in other areas or areas, where stability is undermined by various reasons, review the situation and engage in political dialogue or cooperate democratically, it is sure that the country will make progress in no time.

Another point I would like to make is that schools opened last Monday. We expect that social goals we aim at will be achieved conveniently if we give a certain time and work hard when schools open and all the school-aged go to school together with education progress. I would like to urge the people to work hard and cooperate.

The visit is a success. It is surely a success. Various comments were made. There were many positive comments among them. The visit is worth our efforts.

I prayed in Bodh Gaya, "May the country be peaceful and developed, May the people work and lead lives in peace of mind and body." Thank you. **Myawady**

---

# Vice President U Nyo Saw separately receives delegation led by Adviser to the President of the Russian Federation and Executive Secretary of the Forum Organizing Committee H.E. Mr. Anton Kobyakov, and delegation led by Director of the Roscongress Foundation Mr. Alexander Sergeevich Shatirov

NAY PYI TAW June 3

Vice President U Nyo Saw of the Republic of the Union of Myanmar, who is currently in St. Petersburg, the Russian Federation, to attend the 29th St. Petersburg International Economic Forum (SPIEF 2026), separately received a delegation led by Advisor to the Russian President and Executive Secretary of the Forum Organizing Committee H.E. Mr. Anton Kobyakov, and a delegation led by Director of the Roscongress Foundation (Fund RC-Investments) Mr. Alexander Sergeevich Shatirov at the EXPOFORUM Convention and Exhibition Centre in St. Petersburg today.

During the meeting with the Advisor to the Russian President and Executive Secretary of the Forum Organizing Committee, the two sides cordially and openly exchanged views on the status of ongoing cooperation between Myanmar and Russia, as well as matters regarding

See Page - 20 ●●



Vice President U Nyo Saw holds a meeting with a delegation led by Director of the Roscongress Foundation Mr. Alexander Sergeevich Shatirov.

●● From Page - 19

the further promotion of wide-ranging cooperation in all sectors, including trade and investment, while during the meeting with the Director of the Roscongress Foundation (Fund RC-Investments), they cordially and openly exchanged views on the progress of ongoing collaborative processes implemented between relevant Myanmar ministries and organizations and the Roscongress Investment Fund in the agricultural, mining, trade, and electricity sectors, along with plans for further enhanced cooperation.

The meetings were attended by the Union Ministers and the Deputy Minister who accompanied the Vice President as delegation members, Ambassador of Myanmar to the Russian Federation U Myo Moe Aung, the Consul-General of Myanmar in St. Petersburg, and officials, while the Advisor to the Russian President and Executive Secretary of the Forum Organizing Committee and the Director of the Roscongress Foundation were accompanied by their respective officials.

**Myawady**

# Systematic demolition and destruction of an additional three illegal three-storey residential buildings used in committing online scams and gambling operations within the Shwe Kokko area

NAY PYI TAW June 3

In order to prevent further occurrences of online scams and gambling within illegal buildings located in the Shwe Kokko and KK Park areas of Myawady Township, Kayin State, where online scams and gambling had been based and operated, joint departmental teams are carrying out the permanent demolition of these structures and the systematic destruction of the equipment used in their operations, and it is reported that an additional three illegal three-storey residential buildings within the Shwe Kokko area were systematically demolished today.


It is reported that out of the 77 buildings used in committing online scams and gambling operations within the Shwe Kokko area, they have been classified according to building types as 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by demolition explosives, and are being systematically demolished and destroyed.

Out of the 57 buildings designated for demolition using heavy machinery, three 3-storey residential buildings were systematically demolished today using heavy machinery, bringing the total number of buildings systematically demolished to 30 so far, and the remaining 47 illegal buildings will continue to be systematically destroyed.

It is reported that the State Government, taking up anti-online scam and gambling operations as a national duty, is actively cooperating and coordinating with neighbouring countries in addition to domestic forces to ensure that these operations cannot establish any base within Myanmar.

**100**

Demolition and destruction of illegal buildings used for operating online gambling with heavy machinery in Shwe Kokko area, Myawady District, Kayin State.




# Eight members from KNLA, ABSDF, NMSP (Mon) (breakaway group), and PDF terrorist groups, having come to accept and believe in the state and military's peace processes, further enter legal fold along with weapons and ammunition, systematically handed over to their parents or guardians

NAY PYI TAW June 3

The government has been inviting those staying within various armed insurgent groups, including those under the name PDF, to return to the legal fold. It has been providing necessary assistance to those who return and transferring them to their parents or guardians. Accordingly, eight male members from the KNLA, ABSDF, NMSP (Mon) (breakaway group), and groups operating under the name PDF, who have come to accept and believe in the state and military's peace processes, have now re-entered the legal framework.



An official presents a returnee with a cash reward.

The handover of these individuals who have re-entered the legal framework to their parents or guardians took place this morning at the Aung San Hall of the Southeast Command. The ceremony was attended by Mon State Chief Minister U Aung Win Than, Commander Brigadier General Thura Zaw Lwin Soe, responsible officials, departmental representatives, those who have returned to the legal fold, and their parents or guardians.

First, the State Chief Minister delivered an address, followed by the Commander providing an explanatory talk on legal provisions. Subsequently, those who have re-entered the legal fold handed over the items they brought with them: one Carbine rifle, one AK-47 rifle, one M4 A1 rifle, one SUR-M9 A-2 YSRA 1YSO1-2419684 9mm pistol, 150 rounds of ammunition, six magazines, one walkie-talkie (with charging cord), and one pair of handcuffs. The State Chief Minister, Commander, and responsible officials accepted these items. Afterward, the Chief Minister and Commander presented a reward of Ks-15 million for the three assault rifles, Ks-2 million for the pistol, Ks-200,000 for the walkie-talkie, Ks-2.4 million for the returnees themselves, totaling Ks-19.6 million, along with gift items, which the returnees accepted. Then, the returnees signed pledge letters and were systematically handed over to their parents or guardians, following which one returnee expressed words of thanks.

At today's ceremony, the individuals returned to the legal fold, believing in the peace processes and genuinely desiring local stability and tranquility, were transferred to their parents or guardians. It is reported that the eight individuals are one from Kyainseikgyi Township, Kayin State; one from Hpa-an Township, Kayin State; one from Kyaikmaraw Township, Mon State; one from Insein Township, Yangon Region; one from Nyaungdon Township, Ayeyawady Region; one from Ye Township, Mon State; one from Chanayethazan Township, Mandalay Region; and one from Kalaw Township, Southern Shan State.

The government continues to welcome and accept those re-entering the legal fold, providing necessary assistance and systematically handing them over to their parents or guardians. It is understood that many more individuals remain who wish to return to the legal fold. Those desiring to return are encouraged to contact and inform their nearest district or township administrative bodies, military camps, or police stations, where they will be welcomed and provided with necessary support. Appropriate rewards will also be given for weapons and ammunition.

**100**

# Achieving progress in friendship and cooperation between Myanmar and India, high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing sumptuously welcomed back by public



President U Min Aung Hlaing shakes hands with an Indian official at the airport.


President U Min Aung Hlaing meets the press.

NAY PYI TAW June 3

After paying an official visit to India at the invitation of Prime Minister of the Republic of India Shri Narendra Modi, a high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing left Chhatrapati Shivaji Magaraj International Airport in Mumbai this afternoon and was seen off at the airport by Maharashtra State Minister H.E. Sawant and members of the government, Myanmar Ambassador to India U Zaw Oo, the Myanmar consulgeneral in Kolkata and officials.

Members of the entourage of the President, union ministers U Khin Maung Yi, U Tin Maung Swe, Dr Kan Zaw, U Min Naung and Dr Charlie Than, Governor of the Central Bank of Myanmar Dr Khin Naing Oo, senior military officers from the Office of the Commander-in-Chief, deputy ministers, officials and military and civilian personnel also arrive back together with the President.

During the official visit, the President held bilateral talks with the President of the Republic of India and the Prime Minister and received members of the Government of India, heads of states and members of business organizations, successfully making discussions that will benefit the country and the people. Moreover, the President also visited historical landmarks and site of industrial, port and energy projects and frankly exchanged views on cooperation in multiple sectors including economic, religious, culture and social and tourism sectors between the two countries and the people.

Then, the high-level Myanmar delegation led by the President arrived back at Nay Pyi Taw Airport this evening and was welcomed back by Vice President Daw Nan Ni Ni Aye, Speaker of the Pyithu Hluttaw U Khin Yi, Speaker of the Amyotha Hluttaw U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the chairman of Nay Pyi Taw Council, the commander of Nay Pyi Taw Command, officials from the Indian Embassy and the office of the military attaché at the airport.

As the high-level Myanmar delegation led by the President, consistently looking forward to the interests of the country, made concerted efforts for creating opportunities for cooperation the agriculture and livestock sector, economic sector, trade sector, education promotion sector and tourism sector between the peoples and entrepreneurs of Myanmar and India, the delegation led by the President was sumptuously welcomed back by officials from the India-Myanmar Friendship Association, children of national races, wind and percussion bands, flower dance troupes, Indian traditional dance troupes, traditional dance troupe of national races, artists, local people, departmental staff by from the runway to the VIP lounge and along the entrance to the Tatmadaw Airport, holding Vinyl banners saying, **"Long live India-Myanmar friendship," "May India-Myanmar comprehensive strategic cooperation thrive in respective sectors," "Warmly welcome to President U Min Aung Hlaing, who achieved progress in India-Myanmar bilateral relations," "Let the hand be firm**


Local people accord a rousing welcome to President U Min Aung Hlaing and delegation.


Local people accord a rousing welcome to President U Min Aung Hlaing and delegation.

See Page - 19

# အမေရိကန်ရဲ့ မဟာမိတ်တွေရင်ဆိုင်နေရတဲ့ ခေတ်သစ်စိန်ခေါ်မှုတစ်ခု



လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက "စီးပွားရေး လုံခြုံရေး" ဆိုတဲ့စကားလုံးကို နိုင်ငံတကာနိုင်ငံရေးနဲ့ စီးပွားရေးသတင်းတွေမှာ မကြာခဏကြားလာရပါတယ်။ အရင်တုန်းက ဒီအသုံးအနှုန်းကို စီးပွားရေး ပညာရှင်တွေ၊ မူဝါဒရေးဆွဲသူတွေရဲ့ ဆွေးနွေးပွဲတွေမှာသာ အများဆုံးတွေ့ရပေမယ့် အခု အမေရိကန်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ ဥရောပနိုင်ငံတွေကအစ နိုင်ငံရေးဆုံးဖြတ်ချက်ချမှတ်ရာမှာ အဓိက အသုံးပြုလာတဲ့ စကားလုံးတစ်ခု ဖြစ်လာနေပါတယ်။ စီးပွားရေးလုံခြုံရေးဆိုတာ အခြေခံအားဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို စီးပွားရေးနည်းလမ်းတွေနဲ့ကာကွယ်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ ကုန်ကြမ်းများရရှိရေး၊ ထောက်ပံ့ရေးကွင်းဆက်တည်ငြိမ်ရေး၊ နည်းပညာကာကွယ်ရေးနဲ့ ကုန်သွယ်ရေး အကျိုးစီးပွားတွေကို ပြင်ပအန္တရာယ်တွေမှကာကွယ်နိုင်ရေးတို့အတွက် မူဝါဒချမှတ်တာကိုဆိုလိုတာပါ။

မကြာသေးမီနှစ်များအတွင်း ကမ္ဘာ့နိုင်ငံများစွာက ဒီအယူအဆကို အမျိုးသားရေးမူဝါဒရဲ့ အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်လာတာတွေ့ရပါတယ်။ အမေရိကန်နဲ့ တရုတ်တို့ကြားမှာ ပြိုင်ဆိုင်မှုတွေမြင့်တက်လာတာ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ထောက်ပံ့ရေးကွင်းဆက်တွေ ပြတ်တောက်တာ၊ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် စွမ်းအင်ဈေးကွက်တွေ လှုပ်ခတ်တာတွေက နိုင်ငံတွေကို စီးပွားရေးလုံခြုံရေးရဲ့အရေးပါမှုကို ပိုမိုသတိပြုမိစေခဲ့ပါတယ်။ ဒါပေမဲ့ ကမ္ဘာကြီးကပိုရှုပ်ထွေးလာတာနဲ့အမျှ ဒီအယူအဆရဲ့ အဓိပ္ပာယ်ကလည်း တဖြည်းဖြည်း ပြောင်းလဲလာနေပါတယ်။ အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ အမေရိကန်နဲ့ တရုတ်တို့ကြားက ပြိုင်ဆိုင်မှုတွေ၊ ကမ္ဘာ့စွမ်းအင်လမ်းကြောင်းတွေရဲ့ မတည်ငြိမ်မှုတွေက စီးပွားရေးလုံခြုံရေးဆိုတဲ့ အယူအဆကို အသစ်တစ်ဖန် ပြန်စဉ်းစားရတော့မယ့် အခြေအနေဆီ တွန်းပို့နေပါတယ်။

လက်ရှိကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ သူတို့ရဲ့ အမျိုးသားအကျိုးစီးပွားကိုကာကွယ်ဖို့ စီးပွားရေးကို လက်နက်တစ်ခုလို အသုံးပြုလာပါတယ်။ ထောက်ပံ့ရေးကွင်းဆက်တွေပြန်လည်ဖွဲ့စည်းတာ၊ ကုန်သွယ်ရေးကန့်သတ်ချက်တွေချမှတ်တာ၊ နည်းပညာတင်ပို့မှုတွေကို ထိန်းချုပ်တာနဲ့ အခွန်နှုန်းထားတိုးမြှင့်တာတွေအားလုံးက စီးပွားရေးလုံခြုံရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ လုပ်ဆောင်လာတဲ့ မူဝါဒတွေ ဖြစ်ပါတယ်။ အမေရိကန်အစိုးရကလည်း အခွန်နှုန်းထားအသစ်တွေချမှတ်ရာမှာ "အမျိုးသားလုံခြုံရေး" အကြောင်းပြချက်ကို မကြာခဏအသုံးပြုပါတယ်။ အမေရိကန်အမြင်မှာ စီးပွားရေးကိစ္စဟာ စီးပွားရေးသက်သက် မဟုတ်တော့ဘဲ နိုင်ငံလုံခြုံရေးနဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ကိစ္စတစ်ခုဖြစ်လာနေပါတယ်။

ဒီအခြေအနေအောက်မှာ အမေရိကန်မဟာမိတ်နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယားနဲ့ ဥရောပဒေသမှနိုင်ငံတွေကလည်း သူတို့ကိုယ်ပိုင်စီးပွားရေး လုံခြုံရေးမူဝါဒကို အားကောင်းအောင် လုပ်ဆောင်လာကြပါတယ်။ တရုတ်နိုင်ငံအပေါ် မှီခိုနေရမှုကို လျှော့ချဖို့၊ အရေးကြီးသတ္တုနဲ့ ကုန်ကြမ်းအရင်းအမြစ်တွေကို လုံခြုံစွာရယူနိုင်ဖို့၊ နည်းပညာလျှို့ဝှက်ချက်တွေကို ကာကွယ်နိုင်ဖို့ ကြိုးပမ်းလာကြတာပါ။ သို့ပေမယ့်လည်း ဒီနိုင်ငံတွေအများစုအတွက်စီးပွားရေးလုံခြုံရေးဆိုတာ အဓိကအားဖြင့် ကာကွယ်ရေးဆန်နေတဲ့ အယူအဆတစ်ခုသာဖြစ်နေဆဲပါ။ သူတို့ဟာ ပြင်ပမှလာတဲ့ အန္တရာယ်တွေကို တားဆီးဖို့ ကြိုးစားနေတာဖြစ်ပြီး တခြားနိုင်ငံတွေကို သွားရောက်ဖိအားပေးဖို့ မဟုတ်ပါဘူး။

ဒါပေမဲ့အရှေ့အလယ်ပိုင်းဒေသမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေက ဒီအယူအဆကို ပြောင်းလဲစပြုလာပါတယ်။ ယခင်က ကာကွယ်ရေးအတွက်သာ အသုံးပြုခဲ့တဲ့ စီးပွားရေးလုံခြုံရေးဟာ ယခုအခါ ပိုမိုတက်ကြွတဲ့ လုပ်ဆောင်မှုလိုအပ်လာနေပါတယ်။ အထူးသဖြင့် ဟော်မုဇရေလက်ကြားကြီးဟာ ကမ္ဘာ့စွမ်းအင်ဖူလုံရေး အတွက် အရေးအကြီးဆုံးနေရာဖြစ်လာပါတယ်။ ကမ္ဘာ့ရေနံတင်ပို့မှုအများအပြားက ဒီရေလက်ကြားကို ဖြတ်သန်းနေရတာကြောင့် အရှေ့အလယ်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့ တင်းမာမှုမှန်သမျှက ကမ္ဘာ့စီးပွားရေးကို တိုက်ရိုက် ရိုက်ခတ်နိုင်ပါတယ်။ ဒီအခြေအနေမှာ အမေရိကန်က သူ့ရဲ့ မိတ်ဖက်နိုင်ငံတွေအနေနဲ့ပိုမိုတက်ကြွစွာပါဝင်ဖို့တောင်းဆိုလာပါတယ်။ ရေလမ်းကြောင်းကိုအသုံးပြုနေတဲ့နိုင်ငံတွေက ဟော်မုဇရေလက်ကြားလုံခြုံရေးတာဝန်ကို မျှဝေယူရမယ်ဆိုတဲ့ သဘောထားကို အမေရိကန်က ထုတ်ဖော်ပြောလာတာဖြစ်ပါတယ်။ သို့သော် အဲဒီတောင်းဆိုချက်ဟာ မဟာမိတ်နိုင်ငံတွေအတွက် လွယ်ကူတဲ့ကိစ္စ မဟုတ်ပါဘူး။

ဥပမာ ဂျပန်နဲ့ တောင်ကိုရီးယားကို ကြည့်မယ်ဆိုရင် အမေရိကန်နဲ့ စစ်ရေးမဟာမိတ်ဆက်ဆံရေးရှိနေသလို စီးပွားရေးအရလည်း အလွန်နီးကပ်စွာ ချိတ်ဆက်ထားပါတယ်။ တစ်ဖက်မှာတော့ အရှေ့အလယ်ပိုင်းဒေသမှ စွမ်းအင်အရင်းအမြစ်တွေကို အလွန်အမင်း မှီခိုနေရပါတယ်။ အကယ်၍ အီရန်နဲ့ပတ်သက်နေတဲ့တင်းမာမှုတွေ ပိုမိုကြီးထွားလာမယ်ဆိုရင် ဒီနိုင်ငံတွေကစွမ်းအင်ဖူလုံရေးကို ကာကွယ်ဖို့ စစ်ရေးအရပါဝင်လာရနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီလိုပါဝင်မှုက စီးပွားရေးလုံခြုံရေးကိုအာမခံပေးမယ့်အစား စီးပွားရေးမလုံခြုံမှုအသစ်တွေကို ဖန်တီးပေးနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စစ်ရေးပဋိပက္ခတွေဟာ ရင်းနှီးမြှုပ်နှံမှုဈေးကွက်တွေကို တုန်လှုပ်စေတတ်သလို စွမ်းအင်ဈေးနှုန်းတွေကိုလည်း မြင့်တက်စေနိုင်ပါတယ်။ ကုန်သွယ်ရေးလမ်းကြောင်းတွေ ပြတ်တောက်သွားနိုင်ပြီး ထောက်ပံ့ရေးကွင်းဆက်လည်း ထိခိုက်နိုင်ပါတယ်။

ဒီလိုအခြေအနေမျိုးကို ရုရှား-ယူကရိန်းစစ်ပွဲမှာ ကမ္ဘာကြီးက မြင်တွေ့ခဲ့ပြီးဖြစ်ပါတယ်။ စစ်ပွဲမတိုင်ခင်က ဥရောပနိုင်ငံအများစုဟာ ရုရှားရဲ့ဓာတ်ငွေ့ကို ယုံကြည်စွာ မှီခိုခဲ့ကြပါတယ်။ စွမ်းအင်ရရှိရေးကို စီးပွားရေးပြဿနာတစ်ခုအဖြစ်သာ မြင်ကြပါတယ်။ ဒါပေမဲ့ စစ်ပွဲစတင်ပြီးတဲ့နောက်မှာတော့ စွမ်းအင်ရရှိရေးဟာ အမျိုးသားလုံခြုံရေးပြဿနာတစ်ခု ဖြစ်လာပါတယ်။ ဓာတ်ငွေ့ဈေးနှုန်းတွေက တက်သွားတယ်။ စက်မှုလုပ်ငန်းတွေထိခိုက်တယ်။ အိမ်ထောင်စုအသုံးစရိတ်တွေ မြင့်တက်လာတယ်။ ဒီဖြစ်ရပ်က နိုင်ငံတစ်နိုင်ငံအတွက် စီးပွားရေးနဲ့ လုံခြုံရေးကို သီးခြားခွဲပြီးမကြည့်နိုင်တော့ဘူးဆိုတာ ပြသခဲ့ပါတယ်။ ထို့အတူ တရုတ်နဲ့အမေရိကန်ကြား နည်းပညာပြိုင်ဆိုင်မှုကလည်း စီးပွားရေးလုံခြုံရေး အဓိပ္ပာယ်ကို ပြောင်းလဲစေခဲ့ပါတယ်။ တစ်ပိုင်းလျှပ်ကူးချစ်ပြားတွေ၊ AI နည်းပညာတွေ၊ ရှားပါးသတ္တုတွေနဲ့ အဆင့်မြင့်ထုတ်လုပ်ရေးလုပ်ငန်းတွေဟာ အခုအချိန်မှာ စီးပွားရေးပိုင်ဆိုင်မှုတွေတင်မဟုတ်တော့ဘဲ အမျိုးသားလုံခြုံရေးပိုင်ဆိုင်မှုတွေအဖြစ် သတ်မှတ်ခံလာရပါတယ်။

ဒါကြောင့်ပဲ အမေရိကန်ဟာ ချစ်ပြားနည်းပညာတင်ပို့မှုတွေကို ကန့်သတ်လာသလို တရုတ်နိုင်ငံကလည်း ရှားပါးသတ္တုတင်ပို့မှုအပေါ် ထိန်းချုပ်မှုတွေလုပ်လာပါတယ်။ စီးပွားရေးနဲ့ နည်းပညာကဏ္ဍတွေကအခုတော့ မဟာဗျူဟာပြိုင်ဆိုင်မှုရဲ့ ရှေ့တန်းစစ်မျက်နှာတစ်ခုဖြစ်လာနေပါတယ်။ ဒီအခြေအနေတွေကြားမှာ ဂျပန်နဲ့ တောင်ကိုရီးယားလို နိုင်ငံတွေဟာ အခက်ခဲဆုံး အနေအထားကို ရောက်နေကြပါတယ်။ ဘာကြောင့်လဲဆိုရင် သူတို့ရဲ့ အဓိကလုံခြုံရေးမဟာမိတ်က အမေရိကန်ဖြစ်နေပြီး အကြီးဆုံးကုန်သွယ်ဖက်တွေထဲမှာတော့ တရုတ်နိုင်ငံပါဝင်နေလို့ ဖြစ်ပါတယ်။ သူတို့အနေနဲ့ အမေရိကန်ဘက် အလွန်အကျွံလိုက်ပါသွားမယ်ဆိုရင် တရုတ်ဈေးကွက်ကို ဆုံးရှုံးနိုင်ပါတယ်။ တရုတ်နဲ့ ပိုပြီး နီးစပ်အောင် နေမယ်ဆိုရင်လည်း အမေရိကန်ရဲ့ ယုံကြည်မှု လျော့နည်းသွားနိုင်ပါတယ်။ ဒါကြောင့် ဒီနိုင်ငံတွေဟာ နှစ်ဖက်စလုံးနဲ့ ဆက်ဆံရေးကောင်းမွန်အောင်ထိန်းထားဖို့ ကြိုးစားနေရပါတယ်။

ဒီလိုအခြေအနေမျိုးကို အရင်ခေတ်တွေတုန်းက သိပ်မတွေ့ရပါဘူး။ စစ်အေးတိုက်ပွဲကာလမှာတော့ ကမ္ဘာကြီးဟာ အင်အားစုနှစ်ဖက်အဖြစ် ကွဲပြားနေခဲ့ပါတယ်။ ဘယ်ဘက်မှာ ရပ်တည်နေကြမလဲဆိုတာကလည်း အတော်လေးရှင်းလင်းခဲ့ပါတယ်။ ဒီကနေ့ကမ္ဘာမှာတော့ အခြေအနေက မတူတော့ပါဘူး။ နိုင်ငံတွေဟာ အမေရိကန်နဲ့လည်း ပူးပေါင်းလာရသလို၊ တရုတ်နဲ့လည်း ကုန်သွယ်ရပါတယ်။ အရှေ့အလယ်ပိုင်းမှစွမ်းအင်တွေကိုလည်းမှီခိုနေရပြီး အကျိုးစီးပွားတွေက တစ်ခုနဲ့တစ်ခုရှုပ်ထွေးစွာ ချိတ်ဆက်လာနေပါတယ်။ ဒါကြောင့် နိုင်ငံတစ်နိုင်ငံအတွက် မှန်ကန်တဲ့ရွေးချယ်မှုတစ်ခုက အခြားတစ်ဖက်မှာတော့ ပြဿနာအသစ်တွေ ဖြစ်စေနိုင်ပါတယ်။ စီးပွားရေးလုံခြုံရေးကို တိုးမြှင့်ဖို့ လုပ်ဆောင်ချက်တစ်ခုက တစ်ချိန်တည်းမှာပဲ စီးပွားရေးအန္တရာယ်အသစ်တွေကို ဖန်တီးပေးနိုင်ပါတယ်။

ကျွမ်းကျင်သူတွေကတော့ အနာဂတ်ကမ္ဘာကြီးမှာ စီးပွားရေးလုံခြုံရေးနဲ့ အမျိုးသားလုံခြုံရေးကြားက နယ်နိမိတ်ဟာ ပိုပြီးမှုန်ဝါးလာမယ်လို့ သုံးသပ်နေပါတယ်။ စီးပွားရေးပြဿနာတစ်ခုက လုံခြုံရေးဆိုင်ရာပြဿနာဖြစ်လာနိုင်သလို လုံခြုံရေးပြဿနာတစ်ခုကလည်း စီးပွားရေးအကျပ်အတည်းကို ဖြစ်ပေါ်စေနိုင်ပါတယ်။ အဲဒီအတွက် နိုင်ငံအများစုဟာ မိတ်ဖက်နိုင်ငံတစ်နိုင်ငံတည်းအပေါ် အလွန်အကျွံ မှီခိုနေတဲ့ မဟာဗျူဟာကနေ တဖြည်းဖြည်းခွာလာဖို့ ကြိုးစားနေကြပါတယ်။ ကုန်သွယ်ရေးမိတ်ဖက်တွေ တိုးချဲ့လာကြတယ်။ စွမ်းအင်အရင်းအမြစ်တွေကို မျိုးစုံရှာဖွေလာကြတယ်။ ထောက်ပံ့ရေးကွင်းဆက်တွေကို နိုင်ငံတစ်နိုင်ငံတည်းမှာ စုပုံထားတာမျိုးထက် ဒေသအလိုက်ဖြန့်ကြက်ထားလာကြတယ်။

ဒီလိုစုံလင်လှတဲ့ကွဲပြားမှုတွေကို တိုးမြှင့်ခြင်းက အနာဂတ်စီးပွားရေးလုံခြုံရေးရဲ့ အဓိကသော့ချက်တစ်ခုဖြစ်လာနိုင်တယ်လို့ သုံးသပ်သူတွေက ယူဆနေကြပါတယ်။ အကြောင်းကတော့ ကမ္ဘာကြီးဟာ အရင်ကထက် ပိုပြီး မသေချာတဲ့ အခြေအနေထဲကို ရောက်လာနေလို့ ဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ စီးပွားရေးလုံခြုံရေးဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးကိုကာကွယ်ရုံတင် မဟုတ်တော့ဘဲ ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေး၊ စွမ်းအင်နဲ့ နည်းပညာပြိုင်ဆိုင်မှုတွေကြား အမျိုးသားအကျိုးစီးပွားကို ဘယ်လိုထိန်းသိမ်းမလဲဆိုတဲ့ ပိုမိုကျယ်ပြန့်တဲ့မေးခွန်းတစ်ခု ဖြစ်လာနေပါတယ်။ အမေရိကန်ရဲ့ မဟာမိတ်တွေအတွက်တော့ ဒီမေးခွန်းကိုဖြေရှင်းရတာက အရင်ကထက်ပိုမိုခက်ခဲလာနေပြီး စီးပွားရေးလုံခြုံရေးကိုရှာဖွေနေတဲ့ လမ်းကြောင်းပေါ်မှာပင် စီးပွားရေးမလုံခြုံမှုအသစ်တွေ ပေါ်ပေါက်လာနိုင်တဲ့ ခေတ်သစ်စိန်ခေါ်မှုတစ်ခုကို ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ ။

**Ref: SMCP**

ထက်မြတ်

# လက်ဘနွန်၌ အစ္စရေး၏ စစ်ရှိန်မြှင့်မှုကို ဩစတြေးလျအစိုးရက ကန့်ကွက်

**မဲဘုန်း၊ နိုင်ငံရေး**

လက်ဘနွန်နိုင်ငံအတွင်း အစ္စရေး၏ စစ်ရှိန်မြှင့်လာမှုကို ဩစတြေးလျအစိုးရက ကန့်ကွက်ကြောင်းနှင့် အရှေ့အလယ်ပိုင်းဒေသအပစ်အခတ်ရပ်စဲရေး၌ လက်ဘနွန်နိုင်ငံလည်းပါဝင်ရမည်ဟု ယုံကြည်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဖြစ်သည့် ပန်နီဝေါင်းက ဇွန်လ ၃ ရက်တွင်ပြောသည်။

အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းပြည်သူများအပေါ် အစ္စရေးအခြေချနေထိုင်သူများ၏ အကြမ်းဖက်မှုများမြင့်တက်လာခြင်းကိုတုံ့ပြန်သည့်အနေဖြင့် ဩစတြေးလျအစိုးရက အစ္စရေးနိုင်ငံမှ လူပုဂ္ဂိုလ်သုံးဦးနှင့် အဖွဲ့အစည်းလေးခုကို ဘဏ္ဍာရေးဆိုင်ရာပိတ်ဆို့အရေးယူမှုများနှင့် ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဇွန်လ ၂ ရက်တွင်ချမှတ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး ပန်နီဝေါင်းက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင်အတည်ပြုပြောထားသည်ဟုသိရသည်။

Ref: Xinhua

# ပင်လယ်ကွေ့ဒေသအတွင်း တိုက်ခိုက်မှုများပြန်လည်ပြင်းထန်လာ ကူဝိတ်လေဆိပ်ထိခိုက်ပြီး ရေနံဈေးနှုန်းများမြင့်တက်



**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်နှင့်အီရန်တို့ကြား သံတမန်ရေးအရဆွေးနွေးမှုများ ရှေ့မတိုးသာဖြစ်နေစဉ်ဇွန်လ ၃ ရက်တွင် ပင်လယ်ကွေ့ဒေသ၌တိုက်ခိုက်မှုများ ပြန်လည်ပြင်းထန်လာသည်။ အီရန်၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ကူဝိတ်ရှိအပြည်ပြည်ဆိုင်ရာလေဆိပ်ပျက်စီးရသလို အမေရိကန်စစ်ဘက်ကလည်း ဟော်မုရေလက်ကြားအနီး၌တန်ပြန်စစ်ဆင်ရေးများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ စစ်ပွဲစတင်ပြီး သုံးလကျော်အကြာတွင်ဖြစ်ပွားခဲ့သည့် ယခုနောက်ဆုံး တိုက်ခိုက်မှုများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းမှာလည်း တစ်ရာခိုင်နှုန်းကျော်မြင့်တက်သွားသည်။

ကူဝိတ်လေဆိပ်၏အဆောက်အအုံကို အီရန်၏ ဒရုန်းနှင့် ဒုံးကျည်များ ထိမှန်သဖြင့် လေကြောင်းလိုင်းများအားလုံး ဆိုင်းငံ့လိုက်ရပြီး ခရီးစဉ်များကိုလွှဲပြောင်းပေးခဲ့ရသည်။ အဆိုပါတိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူများရှိပြီး လေဆိပ်အဆောက်အအုံမှာ ဆိုးဆိုးရွားရွားပျက်စီးသွားကြောင်း ကူဝိတ်နိုင်ငံပိုင်သတင်းဌာနကဖော်ပြသည်။ တစ်ချိန်တည်းမှာပင်ဘာရိန်းနိုင်ငံကလည်း ၎င်းတို့ထံဦးတည်လာသည့်အီရန်ဒုံးကျည်သုံးစင်းနှင့် ဒရုန်းများကိုကြားဖြတ်ပစ်ချလိုက်ရကြောင်းထုတ်ပြန်ထားသည်။

အမေရိကန် အလယ်ပိုင်းဒေသစစ်ဌာနချုပ် (CENTCOM) ၏ အဆိုအရ အမေရိကန်စစ်ဘက်သည် ကုန်တင်သင်္ဘောများနှင့် ကူဝိတ်ရှိအမေရိကန်တပ်ဖွဲ့များထံဦးတည်လာသည့် အီရန်ဒရုန်းများကို ဖျက်ဆီးနိုင်ပြီး ဟော်မုရေလက်ကြားအနီး ကက်ကျွန်းပေါ်ရှိ အီရန်စစ်စခန်းများကိုလည်း တန်ပြန်ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref: BP

# ဂျန်းမီမုန်တိုင်း ဂျပန်နိုင်ငံ ကုန်းတွင်းပိုင်းဝင်ရောက်ရေကြီးမည်ဟု သတိပေးချက်ထုတ်ပြန်

**တိုကျို၊ ရာသီဥတု**

တိုင်ဖွန်းမုန်တိုင်းဂျန်းမီသည်ဇွန်လ ၃ ရက်နံနက်ပိုင်းတွင် ဂျပန်နိုင်ငံအနောက်ပိုင်း ဝါကာယာမစီရင်စုတောင်ပိုင်းရှိ ကုန်းတွင်းပိုင်းသို့ဝင်ရောက်တိုက်ခတ်သဖြင့် မိုးလေဝသဌာနက အမြင့်ဆုံးအဆင့်ရေကြီးရေလျှံမှု အရေးပေါ်သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့ရကြောင်း Xinhua သတင်းဌာနကဖော်ပြထားသည်။ ဂျပန်မိုးလေဝသဌာနက ဝါကာယာမစီရင်စုအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ကိုဇာမြစ်အတွက်၎င်းတို့၏ သတိပေးချက်အဆင့် ၁ မှ ၅ အနက် အမြင့်ဆုံးဖြစ်သော အဆင့် ၅ အရေးပေါ် ရေကြီးမှုသတိပေးချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် သတိပေးချက်ကို အဆင့် ၂ သို့ ပြန်လည်လျှော့ချသော်လည်း တာဝန်ရှိသူများက ဒေသခံများအနေဖြင့် မြစ်ရေမြင့်တက်လာမှုနှင့် ရေကြီးရေလျှံမှုအန္တရာယ်ကို ဆက်လက်သတိပြုရန် တိုက်တွန်းထားသည်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုလည်းဖြစ်ပွားကြောင်းသိရသည်။

Ref: Xinhua

# အမေရိကန်က ဥရောပတွင် နျူကလီးယားလက်နက်တိုးမြှင့်ဖြန့်ကြက်မည်

**ဘန်ဂါလူရူ၊ စစ်ရေး**

အမေရိကန်နိုင်ငံက ဥရောပဒေသတွင် နျူကလီးယားလက်နက်များ တိုးမြှင့်ဖြန့်ကြက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တပ်ဖြန့်ချထားနိုင်ရေးကို NATO အဖွဲ့အတွင်း ဆွေးနွေးနေကြောင်း Financial Times သတင်းစာက ဇွန်လ ၂ ရက်တွင် ဖော်ပြထားသည်။ အမေရိကန် တာဝန်ရှိသူများသည် လက်ရှိ နျူကလီးယားဗုံးသယ်ဆောင်နိုင်သော ဗုံးကြဲလေယာဉ်များကိုလက်ခံထားသည့်ခြောက်နိုင်ငံထက် ကျော်လွန်ကာ နောက်ထပ် NATO အဖွဲ့ဝင်နိုင်ငံများသို့ တပ်ဖြန့်ချထားရန် ဖြစ်နိုင်ခြေများကို စဉ်းစားနေခြင်းဖြစ်သည်။

ထိုအစီအစဉ်အရ နောက်ထပ်နိုင်ငံများတွင် အမေရိကန်၏ သမားရိုးကျလက်နက်နှင့်နျူကလီးယားလက်နက် နှစ်မျိုးစလုံးတင်ဆောင်နိုင်သည့် စစ်လေယာဉ်များကို အခြေစိုက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့သော် ယင်းကဲ့သို့လက်နက်များလက်ခံတပ်ဖြန့်ချထားမှု တိုးချဲ့ရေးဆိုင်ရာသဘောတူညီချက်တစ်ရပ်မှာ ချက်ချင်းရရှိမည်မဟုတ်ကြောင်း သတင်းစာကဖော်ပြထားသည်။ NATO ၏ အရှေ့ဘက်စစ်မျက်နှာစာရှိ နိုင်ငံအချို့သည် အဆိုပါလက်နက်များကိုလက်ခံရန် စိတ်ဝင်စားမှုရှိနေကြောင်းသိရသည်။

Ref: BP

# နယူးဒေလီမြို့ရှိ ဟိုတယ်မီးလောင်မှုတွင် လူ ၂၁ ဦးသေဆုံး

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ဟိုတယ်တစ်ခု၌ ပြင်းထန်သော မီးလောင်မှုတစ်ခုဖြစ်ပွားရာ အနည်းဆုံးနိုင်ငံခြားသား ၁၈ ဦးအပါအဝင် စုစုပေါင်း လူ ၂၁ ဦး သေဆုံးသွားကြောင်း ဒေသတွင်းသတင်းအရင်းအမြစ်များကိုကိုးကား၍ Xinhua သတင်းဌာနကဖော်ပြထားသည်။

သေဆုံးသွားသည့် နိုင်ငံခြားသားများသည် ဘင်္ဂလားဒေ့ရှ်၊ နိုင်ဂျီးရီးယား၊ မိုဇမ်ဘစ်နှင့် လိုက်ဘေးရီးယားနိုင်ငံတို့မှဖြစ်ကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။ အဆိုပါမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၄၀ ကျော်ကိုလည်း အနီးရှိဆေးရုံများသို့ အရေးပေါ်ပို့ဆောင်၍ ဆေးကုသမှုပေးထားရပြီး မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းအမှန်ကိုမူ တာဝန်ရှိသူများက ဆက်လက်စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

သတင်းအရင်းအမြစ်များ၏ အဆိုအရ ထိုဟိုတယ်ကနယူးဒေလီမြို့၏ထိပ်တန်းဆေးရုံကြီးတစ်ခုနှင့် နီးကပ်စွာတည်ရှိနေသဖြင့် ဟိုတယ်၌ တည်းခိုနေသူအများစုမှာ ဆေးကုသမှုခံယူရန် လာရောက်သူများနှင့် လူနာစောင့်များဖြစ်သည်။ ထို့ပြင် ဟိုတယ်သည် လုပ်ငန်းလိုင်စင်အရအခန်းခြောက်ခန်းသာ ဖွင့်လှစ်ခွင့်ရှိသော်လည်း မီးလောင်မှုဖြစ်ချိန်တွင် အခန်း ၂၅ ခန်းအထိ တရားမဝင်ဖွင့်လှစ်ထားကြောင်းသိရသည်။

Ref: Xinhua



# အီရန်စစ်ပွဲက ကလေးများအတွက် အသက်ကယ်ပစ္စည်းများပေးပို့မှုကို ခြိမ်းခြောက်နေ



**ဂျီနီဗာ၊ ကယ်ဆယ်ရေး**

အီရန်စစ်ပွဲကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့်အခြေအနေများက ကလေးများအတွက် အသက်ကယ်ပစ္စည်းများပေးပို့မှုကို ခြိမ်းခြောက်နေကြောင်း ကုလသမဂ္ဂကလေးငယ်များအေဂျင်စီက ဇွန်လ ၂ ရက်တွင်သတိပေးထားသည်။ အထူးသဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာပို့ဆောင်ရေးကုန်ကျစရိတ်များမြင့်တက်လာခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက်ပျက်စီးခြင်းတို့ကြောင့်ဖြစ်ကြောင်း သတိပေးချက်တွင်ဖော်ပြထားသည်။

အီရန်စစ်ပွဲဖြစ်ပွားပြီးနောက် ရက် ၁၀၀ နီးပါးအကြာတွင် ပင်လယ်ကွေ့ဒေသရှိ ကုန်သွယ်ရေးလမ်းကြောင်းများအနီး မလုံခြုံမှုများကြောင့် စက်သုံးဆီဈေးနှုန်းများနှင့် အာမခံနှုန်းထားများမြင့်တက်လာကြောင်း၊ တစ်ချိန်တည်းမှာပင် သတ်မှတ်ဆိပ်ကမ်းမဟုတ်ဘဲ အခြားဆိပ်ကမ်းများတွင်ဆိုက်ကပ်ရသည့်အတွက် နှောင့်နှေးမှုများရှိကြောင်းနှင့် ထိုအခြေအနေများအားလုံးကြောင့် ကယ်ဆယ်ရေးပစ္စည်းများပေးပို့မှုတွင် အဟန့်အတားဖြစ်ခြင်းဖြစ်ကြောင်းထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ယခုနှစ်ပထမသုံးလပတ်အတွင်းမှာပင် လေယာဉ်စင်းလုံးငှားသယ်ယူပို့ဆောင်ရေးအတွက် တစ်နှစ်စာလျာထားမှုများအားလုံး နီးပါးကို အသုံးပြုလိုက်ရကြောင်း၊ အဓိကအားဖြင့် ဂါဇာနှင့်လက်ဘနွန်သို့ ကယ်ဆယ်ရေးပစ္စည်းများကို လေယာဉ်များဖြင့်ပေးပို့ရခြင်းဖြစ်ကြောင်းသိရသည်။

Ref: ST

# နိုင်ငံ၏ရတနာများနှင့် မိဘများ၏တာဝန်

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

**ယနေ့မျိုးဆက်သစ်လူငယ်များနှင့်နိုင်ငံ၏အနာဂတ်**

ယနေ့လူငယ်များသည် အနာဂတ်ကာလတွင် အမိနိုင်ငံ၏ ပခုံးပြောင်းတာဝန်ကို ယူကြရမည့်သူများ ဖြစ်ကြသည်။ တစ်နည်းအားဖြင့် အနာဂတ်ကာလ၏ ခေါင်းဆောင်များဖြစ်ကြသည်။ အနာဂတ်ကာလ အမိနိုင်ငံ၏ အခြေအနေသည် ယနေ့မျိုးဆက်သစ် လူငယ်များ၏ အခြေအနေပေါ်တွင် များစွာမူတည်သည်။ ယနေ့မျိုးဆက်သစ်လူငယ်များ အဆင့်မြင့်ပါက အနာဂတ်အမိနိုင်ငံ အဆင့်မြင့်မည်။ ယနေ့ မျိုးဆက်သစ်လူငယ်များ အဆင့်နိမ့်ပါက အနာဂတ် အမိနိုင်ငံ အဆင့်နိမ့်မည်။ ယနေ့မျိုးဆက်သစ် လူငယ်များသည် အသွင်သဏ္ဌာန်အရ ငယ်ရွယ်နုပျို ကြသော်လည်း အနှစ်သာရအနေဖြင့် နိုင်ငံအား ပုံဖော်ထုဆစ်ကြမည့် နိုင်ငံ၏ဖန်တီးရှင်များ ဖြစ်ကြသည်။

**မျိုးဆက်သစ်များအတွက် နိုင်ငံတော်၏ကြိုးပမ်းမှု**

ယခုအခါ နိုင်ငံတော်သည် လူငယ်ပြုစုပျိုးထောင် ရေးလုပ်ငန်းများ ဘက်ပေါင်းစုံမှ စွမ်းအားကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထူးအားဖြင့် လူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အတွေးအခေါ်ပိုင်း၊ အသိပညာပိုင်း၊ ကိုယ်ကျင့်သီလပိုင်းဆိုင်ရာ အဆင့် အတန်းကို မြှင့်တင်ပေးလျက်ရှိသည်။ ရေကြောင်း လူငယ်သင်တန်း၊ လေကြောင်းလူငယ်သင်တန်း၊ လူငယ်စာဖတ်ဝိုင်းများ၊ လူငယ်စကားဝိုင်းများ၊ လူငယ် တီထွင်ဖန်တီးမှုစွမ်းရည်ပြပွဲများ၊ ပညာရည်ချွန် ဆုပေးပွဲများ၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးစဉ် များ၊ လူငယ်အားကစားပြိုင်ပွဲများ စသည်တို့ကို

> **နိုင်ငံတော်သည် လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ ဘက်ပေါင်းစုံမှ စွမ်းအားကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထူးအားဖြင့် လူငယ်များ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အတွေးအခေါ်ပိုင်း၊ အသိပညာပိုင်း၊ ကိုယ်ကျင့်သီလပိုင်းဆိုင်ရာ အဆင့်အတန်းကို မြှင့်တင်ပေးလျက်ရှိ. . .**

အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ အမိနိုင်ငံတော်၏ အနာဂတ်အရေးကို မြော်တွေး၍ မျိုးဆက်သစ်လူငယ်များကို ဤသို့ပြုစုပျိုးထောင် နေခြင်းဖြစ်သည်။

**ကျွန်ုပ်တို့မိဘများတွင်လည်း တာဝန်ရှိသည်**

လူငယ်ပြုစုပျိုးထောင်ရေးတာဝန်သည် နိုင်ငံတော် တွင်သာ ရှိသည်မဟုတ်ပါ။ ကျွန်ုပ်တို့မိဘများတွင် လည်း တာဝန်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့မျိုးဆက်သစ်လူငယ်များသည် ကျွန်ုပ်တို့၏ သားသမီးများဖြစ်သောကြောင့်ဖြစ်သည်။ မိဘသည် သားသမီးနှင့်ပတ်သက်၍ တာဝန်ရှိသည်။ ထို့ကြောင့် သားသမီးမကောင်း မိဘခေါင်းဟု အဆိုရှိနေခြင်း ဖြစ်သည်။ မိဘများသည် သားသမီးများ၏ လက်ဦး ဆရာများလည်းဖြစ်ကြသည်။ လက်ဦးဆရာများ ဖြစ်ကြသော မိဘများ၏ သွန်သင်ဆုံးမမှု၊ ပြုစု ပျိုးထောင်မှုသည် သားသမီးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်းဖွံ့ဖြိုးတိုးတက်မှုအပေါ် အတိုင်း အတာကြီးမားစွာလွှမ်းမိုးနေသည်ဆိုသည့်အချက် ကို သတိပြုရန်လိုသည်။

**ဤသို့ပြုစုပျိုးထောင်ကြရပါမည်**

သားသမီးများကို နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရတနာများအဖြစ်ရောက်ရှိအောင်ပြုစုပျိုးထောင်နည်း များစွာရှိသည်။ ယင်းနည်းလမ်းများထဲမှ နည်းလမ်း တစ်ခုကိုတင်ပြပါမည်။ ယင်းနည်းလမ်းမှာ သားသမီး များ၏လိုအင်များကို အသိသတိကြီးစွာဖြင့် စနစ်တကျ ဖြည့်ဆည်းပေးသော နည်းလမ်းဖြစ်သည်။ သားသမီး များတွင် လိုအင်များစွာရှိသည်။ ယင်းလိုအင်များစွာ ထဲမှ အဓိကထားဖြည့်ဆည်းပေးရမည့် လိုအင် ခြောက်မျိုးကို အောက်ပါခေါင်းစဉ်များဖြင့် ဖော်ပြ ပါမည်။

**အသိအမှတ်ပြုခြင်းခံယူလိုမှုလိုအင်**

လူငယ်များတွင် အသိအမှတ်ပြုခြင်းခံယူလိုမှု လိုအင်ရှိသည်။ ဤလိုအင်၏သဘောမှာ လူငယ် များသည် မိမိတို့၏စွမ်းရည်များ၊ ကြိုးပမ်းအားထုတ် နေမှုများ၊ အောင်မြင်မှုများကို ထိုက်တန်စွာအသိ အမှတ်ပြု ချီးကျူးဂုဏ်ပြုခြင်းကို ခံယူလိုခြင်းဖြစ် သည်။ ဤကဲ့သို့ အသိအမှတ်ပြုခြင်းခံယူလိုသည့် လိုအင်မိမိတို့သားသမီးများတွင်ရှိသည်ဆိုသည်ကို မိဘများကသိရှိရမည်။ ဤသို့သိရှိပြီး သားသမီးများ ၏ စွမ်းရည်၊ ကြိုးပမ်းအားထုတ်မှု၊ အောင်မြင်မှုများကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုပေးခြင်းကို ပြုလုပ် ရမည်။ ဤသို့ပြုလုပ်ရာတွင် အသိသတိကြီးစွာဖြင့် လိုအပ်သည်ထက် ပိုလည်းမပို၊ လိုလည်းမလိုသော သင့်တင့်မျှတသည့် အသိအမှတ်ပြုချီးကျူးဂုဏ်ပြု ခြင်းမျိုးသာဖြစ်ရမည်။ ဤသို့ မိဘများက အသိ၊ သတိဖြင့် စနစ်တကျ အသိအမှတ်ပြုချီးကျူးဂုဏ်ပြု ခြင်းများကို ပြုလုပ်ပေးနေမှုကြောင့် သားသမီးများ စိတ်ဓာတ်မြင့်မားတက်ကြွလာသည်။ အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုခြင်းကို ဆက်လက်ခံယူရရှိရန်အတွက် မိမိတို့၏စွမ်းရည်များကို ကြိုးပမ်းမြှင့်တင်ကြသည်။ ဤသို့ကြိုးပမ်းမြှင့်တင်နေမှုကြောင့် စွမ်းရည်မြင့်မား သော လူငယ်များဖြစ်လာကြသည်။

**အရေးပါသူအဖြစ် သတ်မှတ်ခံရလိုမှု လိုအင်**

လူငယ်များတွင် အရေးပါသူအဖြစ် သတ်မှတ်ခံရ လိုမှုလိုအင်ရှိသည်။ ဤလိုအင်၏သဘောမှာ လူငယ် များသည် အရေးပါပြီး အနှစ်သာရပြည့်ဝသော လုပ်ငန်းတာဝန်များကို ထမ်းရွက်လိုခြင်း၊ မိမိအဖွဲ့ အစည်း၏ အရေးကြီးကိစ္စရပ်များတွင် ပါဝင်ဆောင် ရွက်ခွင့်ရလိုခြင်း၊ အကြီးအကဲများ၏ အရေးတယူ တန်ဖိုးထားဆက်ဆံမှုကို ခံယူလိုခြင်းဖြစ်သည်။ ဤကဲ့သို့ အရေးပါသူအဖြစ် သတ်မှတ်ခံရလိုမှုလိုအင် မိမိတို့သားသမီးများတွင်ရှိသည်ဆိုသည်ကို မိဘ များက သိရှိရမည်။ ဤသို့သိရှိပြီးနောက် သားသမီး များကို အရေးပါသူများအဖြစ် အသိအမှတ်ပြုရာ ရောက်သည့် တန်ဖိုးထားဆက်ဆံခြင်းမျိုးကို ပြုလုပ် ပေးရမည်။ ဤသို့ပြုလုပ်ပေးရာတွင် အသိသတိကြီး စွာဖြင့် လိုအပ်သည်ထက် ပိုလည်းမပို၊ လိုလည်း မလိုသော တန်ဖိုးသာဆက်ဆံခြင်းမျိုးကိုသာ ပြုလုပ် ပေးရမည်။ ဤသို့ မိဘများက အသိ၊ သတိကြီးစွာဖြင့် စနစ်တကျ တန်ဖိုးထားဆက်ဆံနေခြင်းကြောင့် သားသမီးများသည် မိမိတို့ကိုယ်ကိုမိမိလေးစား တန်ဖိုးထားမှု မြင့်မားစွာဖြစ်ပေါ်လာသည်။ အရေး ပါသူအဖြစ် သတ်မှတ်ထားခြင်းကို ဆက်လက်ခံယူ နိုင်ရန်အတွက် တော်သည်ထက်တော်အောင်၊ ကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းလာကြ သည်။ ဤသို့ကြိုးပမ်းအားထုတ်နေမှုကြောင့် လူတော် လူကောင်း လူငယ်များဖြစ်လာကြသည်။

**စွမ်းရည်များကို လွတ်လပ်စွာအသုံးပြုလိုသည့်လိုအင်**

လူငယ်များတွင် မိမိတို့၏စွမ်းရည်များကို လွတ်လပ် စွာအသုံးချလိုသည့် လိုအင်ရှိသည်။ ဤလိုအင်၏ သဘောမှာ လူငယ်များသည် မိမိတို့၏စွမ်းရည်များ ကို အချုပ်အချယ်ကင်းစွာ မိမိဆန္ဒအတိုင်း အသုံးချ လိုခြင်းဖြစ်သည်။ ဤသို့ စွမ်းရည်များကို လွတ်လပ်စွာ အသုံးချလိုသည့်လိုအင် မိမိတို့သားသမီးများတွင် ရှိသည်ဆိုသည်ကို မိဘများကသိရှိရမည်။ ဤသို့ သိရှိပြီးနောက် သားသမီးများအား ယင်းတို့၏ စွမ်းရည်များကိုလွတ်လပ်စွာအသုံးချနိုင်မည့် အခြေ အနေ၊ အခွင့်အလမ်းများကို စီမံဖန်တီးပေးရမည်။ ဤသို့စီမံဖန်တီးပေးရာတွင် လိုအပ်သည့်အတိုင်း အတာထက် ပိုလည်းမပို၊ လိုလည်းမလိုသော သင့်တင့် မျှတသည့် စီမံဖန်တီးပေးမှုမျိုးသာဖြစ်ရမည်။ ထို့ပြင် လိုအပ်သည့်ကြီးကြပ်လမ်းညွှန်မှု၊ အသိပညာပေးမှု များကိုလည်း ထိုက်သင့်သလို ပြုလုပ်ပေးရမည်။ ဤသို့ မိဘများက စနစ်တကျဆောင်ရွက်ပေးနေ ခြင်းကြောင့် သားသမီးများသည် မိမိတို့၏စွမ်းရည် များကို အမှားအယွင်းမရှိ လွတ်လပ်စွာအသုံးချနိုင် လာကြသည်။ မိမိတို့စွမ်းရည်များကို လွတ်လပ်စွာ အသုံးချနိုင်ရန်အတွက် တာဝန်များကို ထပ်မံဆောင် ရွက်ရန် မျှော်လင့်လာကြသည်။ တာဝန်ကြောက်စိတ်၊ တာဝန်ရှောင်လွှဲလိုစိတ် ကင်းပျောက်ပြီး တာဝန် ထမ်းဆောင်လိုစိတ်အစဉ်မြင့်မားနေသော လူငယ် များဖြစ်လာကြသည်။

**စူးစမ်းရှာဖွေလိုသည့်လိုအင်**

လူငယ်များတွင် စူးစမ်းရှာဖွေလိုသည့် လိုအင်ရှိ သည်။ ဤလိုအင်၏သဘောမှာ လူငယ်များသည် မိမိတို့မသိရှိသေးသော အကြောင်းအရာများကို သိရှိလိုခြင်း၊ မရောက်ဖူးသေးသော နေရာဒေသ တစ်ခုသို့သွားရောက်လိုခြင်း၊ မတွေ့မကြုံဖူးသေးသော အတွေ့အကြုံတစ်ခုကို တွေ့ကြုံလိုခြင်း၊ မခံစားဖူး သေးသော အာရုံတစ်ခုကို ခံစားလိုခြင်းဖြစ်သည်။ ဤသို့စူးစမ်းရှာဖွေလိုသည့်လိုအင် မိမိတို့သားသမီး များတွင်ရှိသည်ဆိုသည်ကို မိဘများက သိရှိရမည်။ ဤသို့သိရှိပြီးနောက် သားသမီးများအား ယင်းတို့ ဆန္ဒရှိသည့် စူးစမ်းရှာဖွေမှုများကို ပြုလုပ်နိုင်မည့် အခြေအနေ၊ အခွင့်အလမ်းများကို စီမံဖန်တီးပေးရ မည်။ ဤသို့စီမံဖန်တီးရာတွင် လိုအပ်သည့်အတိုင်း အတာထက်ပိုလည်းမပို၊ လိုလည်းမလိုသော သင့်တင့် မျှတသည့် စီမံဖန်တီးပေးမှုမျိုးသာဖြစ်ရမည်။ ထို့ပြင် လိုအပ်သည့်ကြီးကြပ်မှု၊ လမ်းညွှန်မှု၊ အသိပညာ ပေးမှုများကိုလည်း ထိုက်သင့်သလို ပြုလုပ်ပေး ရမည်။ ဤသို့ မိဘများက စနစ်တကျဆောင်ရွက် ပေးနေမှုကြောင့် သားသမီးများသည် မှန်ကန်အကျိုး ရှိသော စူးစမ်းရှာဖွေမှုများကို ပြုလုပ်လာကြသည်။ စိတ်ဓာတ်များ မြင့်မားတက်ကြွလာကြပြီး အဆင့်မြင့် စူးစမ်းရှာဖွေမှုများကို ထပ်မံပြုလုပ်လာကြသည်။ ဤသို့စူးစမ်းရှာဖွေမှုများကို အစဉ်ပြုလုပ်နေမှုတို့ ကြောင့် အသိပညာဗဟုသုတမြင့်မားနေသော လူငယ် များဖြစ်လာကြသည်။

**တီထွင်ဆန်းသစ်လိုသည့်လိုအင်**

လူငယ်များတွင် တီထွင်ဆန်းသစ်လိုသည့် လိုအင် ရှိသည်။ ဤလိုအင်၏သဘောမှာ ပစ္စုပ္ပန်အခြေအနေ ထက် ပိုမိုကောင်းမွန်သောအခြေအနေတစ်ရပ်ကို ဖန်တီးလိုခြင်း၊ ယခင်အတွေးအခေါ်အယူအဆ အသိအမြင်များနှင့် မတူသောအတွေးအခေါ် အယူအဆအသိအမြင်များကို အသုံးပြုလိုခြင်းဖြစ် သည်။ ဤသို့ တီထွင်ဆန်းသစ်လိုသည့်လိုအင် မိမိတို့သားသမီးများတွင်ရှိသည်ဆိုသည်ကို မိဘ များက သိရှိရမည်။ ဤသို့သိရှိပြီးနောက် သားသမီး များအား ယင်းတို့ပြုလုပ်လိုသည့် တီထွင်ဆန်းသစ် မှုများကို ပြုလုပ်နိုင်ရန်အတွက် လိုအပ်သည့် အခြေ အနေ၊ အခွင့်အလမ်းများကို စီမံဖန်တီးပေးရမည်။ ဤသို့စီမံဖန်တီးပေးရာတွင် လိုအပ်သည့်အတိုင်း အတာထက် ပိုလည်းမပို၊ လိုလည်းမလိုသော သင့်တင့်မျှတသည့် စီမံဖန်တီးပေးမှုမျိုးသာဖြစ်ရ မည်။ ထို့ပြင် လိုအပ်သည့် ကြီးကြပ်မှု၊ လမ်းညွှန်မှု၊ အသိပညာပေးမှုများကိုလည်း ထိုက်သင့်သလို ပြုလုပ် ပေးရမည်။ မိဘများက ဤသို့စနစ်တကျဆောင်ရွက် ပေးနေမှုကြောင့် သားသမီးများသည် မှန်ကန်အကျိုး ရှိသော တီထွင်ဆန်းသစ်မှုမျိုးကိုသာ ပြုလုပ်လာကြ သည်။ စိတ်ဓာတ်များ မြင့်မားတက်ကြွလာကြပြီး ပိုမိုအဆင့်မြင့်တီထွင်ဆန်းသစ်မှုများကို ဆက်လက် ပြုလုပ်လာကြသည်။ ဤသို့ တီထွင်ဆန်းသစ်မှုများကို ပြုလုပ်နေကြခြင်းကြောင့် ခေတ်နောက်ကျမကျန် ရစ်ဘဲ အမြဲခေတ်မီဆန်းသစ်နေသော လူငယ်များ ဖြစ်လာကြသည်။

> **လက်ဦးဆရာများဖြစ်ကြသော မိဘများ၏ သွန်သင်ဆုံးမမှု၊ ပြုစုပျိုးထောင်မှုသည် သားသမီးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်းဖွံ့ဖြိုးတိုးတက်မှုအပေါ် အတိုင်းအတာကြီးမားစွာလွှမ်းမိုးနေသည်ဆိုသည့်အချက်ကိုသတိပြုရန်လို . . .**

**စွန့်လွှတ်စွန့်စားလိုသည့်လိုအင်**

လူငယ်များတွင် စွန့်လွှတ်စွန့်စားလိုသည့် လိုအင် ရှိသည်။ ဤလိုအင်၏သဘောမှာ သာမန်လူတို့ မပြုလုပ်ရဲသောအရာတစ်ခုကို ပြုလုပ်ပြလိုခြင်း၊ သာမန်လူတို့ ရင်မဆိုင်ရဲသောအခြေအနေမျိုးကို ရင်ဆိုင်ပြလိုခြင်း၊ အောင်မြင်မှုကို အလွယ်တကူ ရယူလိုခြင်းမရှိဘဲ အခက်အခဲအန္တရာယ်အမျိုးမျိုး ကြားမှ ရယူပြလိုခြင်းဖြစ်သည်။ ဤသို့ စွန့်လွှတ် စွန့်စားလိုသည့်လိုအင်မျိုး မိမိတို့သားသမီးများတွင် ရှိသည်ဆိုသည်ကို မိဘများကသိရှိရမည်။ ဤသို့ သိရှိပြီးနောက် သားသမီးများအား ယင်းတို့ပြုလုပ် လိုသည့် စွန့်လွှတ်စွန့်စားမှုများကို ပြုလုပ်နိုင်ရန် အတွက် လိုအပ်သည့်အခြေအနေ၊ အခွင့်အလမ်းများ ကို စီမံဖန်တီးပေးရမည်။ ဤသို့စီမံဖန်တီးပေးရာတွင် လိုအပ်သည့်အတိုင်းအတာထက် ပိုလည်းမပို၊ လိုလည်းမလိုသော

စာမျက်နှာ ၂၅ သို့

❍ စာမျက်နှာ ၂၄ မှအဆက်

သင့်တင့်မျှတသည့် စီမံဖန်တီးပေးမှုမျိုးသာဖြစ်ရမည်။ ထို့ပြင် လိုအပ်သည့် ကြီးကြပ်မှု၊ လမ်းညွှန်မှု၊ အသိပညာပေးမှုများကိုလည်း ထိုက်သင့်သလို ပြုလုပ်ပေးရမည်။ ဤသို့မိဘများက စနစ်တကျ ဆောင်ရွက်ပေးနေမှုကြောင့် သားသမီးများသည် ဆင်ခြင်တုံတရားနှင့်ပြည့်စုံသော မှန်ကန်အကျိုးရှိသည့် စွန့်လွှတ်စွန့်စားမှုမျိုးကိုသာ ပြုလုပ်လာကြသည်။ ထိုအခါ စိတ်ဓာတ်များမြင့်မားတက်ကြွလာပြီး စွန့်လွှတ်စွန့်စားလိုစိတ်မြင့်မားနေသော လူငယ်များ ဖြစ်လာကြသည်။

**လိုအင်များဖြည့်ဆည်းပေးခြင်းအကျိုးတရား**

အထက်ဖော်ပြပါအတိုင်း သားသမီးများ၏ အသိအမှတ်ပြုခြင်းခံရလိုမှုလိုအင်၊ အရေးပါသူအဖြစ် သတ်မှတ်ခံရလိုမှုလိုအင်၊ စွမ်းရည်များကို လွတ်လပ်စွာအသုံးပြုလိုသည့်လိုအင်၊ စူးစမ်းရှာဖွေလိုသည့်လိုအင်၊ တီထွင်ဆန်းသစ်လိုသည့်လိုအင်၊ စွန့်လွှတ်စွန့်စားလိုသည့်လိုအင် စသည့်လိုအင်ခြောက်မျိုးကို အသိ၊ သတိရှိရှိဖြင့် မှန်ကန်စွာဖြည့်ဆည်းပေးပါက ရရှိမည့်အကျိုးတရားများမှာ သားသမီးများသည် စွမ်းရည်မြင့်မားသောလူငယ်များ၊ တော်ပြီးကောင်းသောလူငယ်များ၊ တာဝန်ထမ်းဆောင်လိုစိတ်မြင့်မားသောလူငယ်များ၊ အသိပညာဗဟုသုတမြင့်မားနေသောလူငယ်များ၊ ခေတ်မီဆန်းသစ်နေသောလူငယ်များ၊ စွန့်လွှတ်စွန့်စားလိုစိတ်မြင့်မားနေသောလူငယ်များဖြစ်လာကြသည်။ တစ်နည်းအားဖြင့် အမိနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံ၏ရတနာများအဖြစ်သို့ ရောက်ရှိလာကြသည်။

**မိဘများ၏ ထာဝရတာဝန်**

နိဂုံးချုပ်အနေဖြင့် တင်ပြရမည်ဆိုပါက သားသမီးများတွင် လိုအင်အမျိုးမျိုးဖြစ်ပေါ်နေမည်ဖြစ်သည်။ ယင်းလိုအင်များကို ဖြည့်ဆည်းပေးရမည့်တာဝန်မှာ မိဘများထာဝရထမ်းဆောင်နေရမည့်တာဝန်ဖြစ်သည်။ သားသမီးများ၏ လိုအင်ကိုဖြည့်ဆည်းပေးသည့် တာဝန်ထမ်းဆောင်ရာတွင် မိဘများအနေဖြင့် အချက်သုံးချက်ကို အစဉ်လိုက်နာဆောင်ရွက်နေရမည်ဖြစ်သည်။ ပထမအချက်မှာ သားသမီးများတွင် မည်သည့်လိုအင်များဖြစ်ပေါ်နေသည်ကို အသိတရားဖြင့် သုံးသပ်ဖော်ထုတ်ခြင်းဖြစ်သည်။ ဒုတိယအချက်မှာ သားသမီးများ၏ လိုအင်များကို မည်သို့မည်ပုံမည်သည့်နည်းလမ်းများဖြင့် မည်ကဲ့သို့ မှန်ကန်စွာဖြည့်ဆည်းပေးရမည်ကို ပညာဖြင့် ဆင်ခြင်သုံးသပ်ခြင်းဖြစ်သည်။ တတိယအချက်မှာ ပညာဖြင့်ဆင်ခြင်သုံးသပ်ပြီး ဝီရိယရှိစွာဖြင့် လိုအင်များကို အချိန်မီ၊ အချိန်ကိုက် ထိုက်သင့်သည့်အတိုင်းအတာအတိုင်း ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ ဤအချက်သုံးချက်ကို အစဉ်လိုက်နာဆောင်ရွက်နေပါက သားသမီးများသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ်လူငယ်များဖြစ်လာကြသည်။ **ဗလငါးတန်နှင့်ပြည့်စုံသော မျိုးဆက်သစ်လူငယ်များကို ပိုင်ဆိုင်ထားမှုကြောင့် အမိနိုင်ငံတော်ကြီးသည်လည်း ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံတော်ကြီးအဖြစ် မလွဲမသွေရောက်ရှိမည်ဖြစ်ကြောင်း** တင်ပြအပ်ပါသည်။ ။

# မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ဘားအံ ဇွန် ၃

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ဇွန်လ ၂ ရက်နံနက်ပိုင်းတွင် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ခွဲကပင်မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက စားပွဲတင်တင်းနစ် အားကစားနည်းသည် လျင်မြန်သည့် ဖြတ်ထိုးဉာဏ်၊ စူးစိုက်မှု၊ အားကောင်းမှုနှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှုတို့ကို တစ်ပြိုင်နက်တည်း ပေးစွမ်းနိုင်သည့် အားကစားနည်းတစ်ခုဖြစ်ကြောင်းပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်ခုနစ်မြို့နယ်မှ ပြိုင်ပွဲဝင်အားကစားသမား ၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ငွေကျပ် ၁၂ သိန်းစီ ပေးအပ်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရာ အဖွင့်ပွဲစဉ်အနေဖြင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲအဖြစ် ဖာပွန်မြို့နယ်အသင်းနှင့် မြဝတီမြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှု၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲအဖြစ် လှိုင်းဘွဲ့မြို့နယ်အသင်းနှင့် ကော့ကရိတ်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (၄၀၆)



# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိတ္ထီလာ ဇွန် ၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန်လ ၂ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထိုက်က စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ အား ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များထံသို့ လွှဲပြောင်းပေးအပ်သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ ညောင်ဇောက်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်သည့် အစုအဖွဲ့လေးဖွဲ့အား တစ်ဖွဲ့လျှင် ရန်ပုံငွေကျပ် ၇၅ သိန်းနှုန်းဖြင့် အဖွဲ့ဝင်များ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ကြောင်းသိရသည်။ (၆၀၂)

# မြန်မာ့အမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် မိုးရာသီ(အကြို) သစ်ပင်စိုက်ပွဲ ကျင်းပ



အုတ်တွင်း ဇွန် ၃

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနသည် မြန်မာ့အမျိုးသမီးများနေ့ကို ကြိုဆိုသောအားဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ(အကြို) သစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်း ဗောဓိကုန်း-ချင်းကုန်းကုန်ထုတ်လမ်း၌ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလွင်သူနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိအိထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဗောဓိကုန်းအခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက ငုစပ်၊ ပိတောက်၊ ခရေပျိုးပင်ပေါင်း ၁၀၀၀ အားစိုက်ပျိုးကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# ငဖဲမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက်ရှိ

ငဖဲ ဇွန် ၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသည် ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ဆက်လက်ထုတ်ချေးလျက်ရှိရာ ဇွန်လ ၃ ရက် နံနက်ပိုင်းတွင် ရှောက်တောင်ကျေးရွာအုပ်စုမှ တောင်သူလယ်သမားများအား ထုတ်ချေးလျက်ရှိသည်။

ရှေးဦးစွာ ငဖဲမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှမန်နေဂျာ ဒေါ်သီသီမာက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေများအား ယခုအစိုးရသစ်၏ ရက် ၁၀၀ စီမံချက်အရ မေလ ၁၂ ရက်မှစ၍ထုတ်ချေးပေးလျက်ရှိကြောင်း၊ တောင်သူလယ်သမားများအား ချေးငွေနှုန်းထား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လယ်ယာသုံးစက်ကိရိယာချေးငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာနှင့်ဝန်ထမ်းများက ရှောက်တောင်ကျေးရွာအုပ်စုမှ တောင်သူ ၇၁ ဦး၏ မိုးစပါး ၁၁၂ ဧက နှင့်နှမ်းသီးနှံ ၉၇ ဧက စုစုပေါင်း စိုက်ဧက ၂၀၉ ဧက အတွက် ချေးငွေကျပ် ၅၇၈ ဒသမ ၅၀ သိန်းကို ထုတ်ချေးပေးကြောင်းနှင့် ထုတ်ချေးပေးရန် ကျန်ရှိသည့်ကျေးရွာအုပ်စုများအား ဆက်လက်၍ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းသိရသည်။

မယု(ငဖဲ)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ် အဖြစ် တောင်ကြီးတပ်နယ် (နယ်မြေ-၁)အသင်းနှင့် တောင်ကြီး တပ်နယ်(နယ်မြေ-၂)အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

နေပြည်တော် ဇွန် ၃

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။


ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများကအဖွင့်ပွဲစဉ် အဖြစ် တောင်ကြီးတပ်နယ်(နယ်မြေ-၁) အသင်းနှင့်တောင်ကြီးတပ်နယ်(နယ်မြေ-၂) အသင်းတို့၏ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိတပ်နယ် အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန်လ ၁၂ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မြင်းမူ | ၄၁ ˚C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၉.၅ ˚C |
| ချောက် | ၃၈.၆ ˚C |
| မကွေး | ၃၈.၆ ˚C |
| ဆင်ဖြူကျွန်း | ၃၈.၅ ˚C |
| မုံရွာ | ၃၈.၂ ˚C |
| မင်းဘူး | ၃၈ ˚C |
| ကျောက်ဆည်(လွန်ကျော်) | ၃၇.၈ ˚C |
| ကလေးဝ | ၃၇.၇ ˚C |
| ဂန့်ဂေါ | ၃၇.၆ ˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကျောင်းကုန်း | (၃.၉၄)လက်မ |
| ကော့သောင်း | (၂.၆၃)လက်မ |
| ကွမ်းခြံကုန်း | (၂.၂၈)လက်မ |
| ဖျာပုံ | (၂.၂၈)လက်မ |
| ပုသိမ် | (၂.၀၉)လက်မ |
| မန္တလေး | (၂.၀၁)လက်မ |
| မြိတ် | (၂.၀၁)လက်မ |
| ဒေးဒရဲ | (၁.၇၇)လက်မ |
| ပြင်ဦးလွင် | (၁.၇၀)လက်မ |
| တပ်ကုန်း | (၁.၄၅)လက်မ |
| ကျိုက်လတ် | (၁.၂၅)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၃ |
| ရှမ်း(မြောက်) | ၂၁ | ၃၃ |
| ရှမ်း(အရှေ့) | ၂၁ | ၃၃ |
| ရှမ်း(တောင်) | ၁၈ | ၃၀ |
| ချင်း | ၁၅ | ၂၈ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၆ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၃ |
| နေပြည်တော် | ၂၆ | ၃၆ |
| မန္တလေး | ၂၆ | ၃၆ |
| မကွေး | ၂၅ | ၃၇ |
| ရခိုင် | ၂၈ | ၃၂ |
| ပဲခူး | ၂၅ | ၃၆ |
| ရန်ကုန် | ၂၆ | ၃၅ |
| ဧရာဝတီ | ၂၅ | ၃၄ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၄ | ၃၅ |
| မွန် | ၂၆ | ၃၅ |
| တနင်္သာရီ | ၂၄ | ၃၄ |

- တိမ်ထူထပ်
- နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ
- နေရာကွက်ကျား/နေရာကျဲကျဲမိုးရွာ
- နေရာစိပ်စိပ်/မိုးကြီး
- တိမ်အသင့်အတင့်ဖြစ်ထွန်း
- သာယာ

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ၃ ထပ် လူနေအဆောက်အအုံ ၃ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး


ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးမှု




နေပြည်တော် ဇွန် ၃

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်းမပြုနိုင်စေရေးအတွက် အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၃ ထပ် လူနေအဆောက်အအုံ ၃ လုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံများအား ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှု

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|
|  |  |

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့်ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့်အဆောက်အအုံ၅၇လုံးအနက်၃ထပ်လူနေအဆောက်အအုံ ၃ လုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်းအဆောက်အအုံ ၃၀ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အန်ဇိုဖာနန်ဒက်အားခေါ်ယူလိုပါက ဗယ်ဗာဒီအပြင် ယူရို သန်း ၂၀ အလိုက်ပေးရန် ချယ်လ်ဆီးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းထံတောင်းဆို



**လန်ဒန် ဇွန် ၃**

ချယ်လ်ဆီးအသင်းက ၎င်းတို့အသင်းမှ ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်အား ခေါ်ယူလိုပါက ကွင်းလယ်ကစားသမား ဗယ်ဗာဒီအပြင် ယူရို သန်း ၂၀ အလိုက်ပေးရန် ရီးယဲလ်မက်ဒရစ်အသင်းထံ တောင်းဆိုခဲ့ကြောင်း သိရသည်။

အန်ဇိုဖာနန်ဒက်သည် ယခုဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်သော်လည်း ရာသီဝက်ကာလ၌ ရီးယဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားလိုသည်ဟု ပြောကြားပြီးနောက် အသင်းတာဝန်ရှိသူများနှင့် ဆက်ဆံရေးတင်းမာမှုများရှိလာကာ အသင်းက ပြစ်ဒဏ်ချမှတ်သည့်အနေဖြင့် ၎င်းကို ပွဲကစားခွင့် ယာယီပိတ်ပင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်မတည်ငြိမ်မှုများကြောင့် ဥရောပဝင်ခွင့်နှင့်လွဲချော်ခဲ့ရသော်လည်း အန်ဇိုဖာနန်ဒက်အနေဖြင့် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၆၁ ပွဲကစားရာတွင် ၁၆ ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု ၁၀ ကြိမ် ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြနိုင်ခဲ့သည်။

နောက်ပိုင်းတွင် ချယ်လ်ဆီးအသင်းတာဝန်ရှိသူများနှင့် အန်ဇိုဖာနန်ဒက်တို့ကြား ညှိနှိုင်းမှုများအဆင်ပြေခဲ့၍ အသင်း၌ ပြန်လည်ကစားပေးခဲ့သော်လည်း ၎င်း၏အနာဂတ်မှာ မရေမရာဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းက အန်ဇိုဖာနန်ဒက်အား ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းတွင် ကွင်းလယ်ကစားသမား ဗယ်ဗာဒီနှင့် ချူအာမန်ဒီတို့ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် ဗယ်ဗာဒီကိုယ်တိုင်က အသင်းမှထွက်ခွာရန်ဆန္ဒရှိနေ၍ ရီးယဲလ်မက်ဒရစ်အသင်းက ရောင်းချပြီး အန်ဇိုဖာနန်ဒက်နှင့် ပြန်လည်အစားထိုးလိုနေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်ထားသောကြောင့် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာလိုနေသည့် အန်ဇိုဖာနန်ဒက်အတွက် ချယ်လ်ဆီးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းထံ ယခုကဲ့သို့ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Transfer News Live*

# ဘင်ဖီကာအသင်းက အသင်းနည်းပြရာထူးအတွက် မာကိုဆေးဗားအား ခန့်အပ်

**လစ္စဘွန်း ဇွန် ၃**

ဘင်ဖီကာအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဖူလ်ဟမ်အသင်းနည်းပြ မာကိုဆေးဗားအား ခန့်အပ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ဘင်ဖီကာအသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြသစ်အဖြစ် နည်းပြမော်ရင်ဟိုကို ခန့်အပ်ခဲ့သော်လည်း နည်းပြမော်ရင်ဟိုအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည့်အတွက် နည်းပြမာကိုဆေးဗားအား ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၈ နှစ်အရွယ် နည်းပြမာကိုဆေးဗားသည် ၂၀၂၁ ခုနှစ်က ဖူလ်ဟမ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ဘောလုံးရာသီတိုင်းတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်သည့်အတွက် ဘင်ဖီကာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြ မာကိုဆေးဗားသည် စပို့တင်းလစ္စဘွန်းအသင်းကိုလည်း ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပေါ်တူဂီပြည်တွင်းလိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံရှိနည်းပြတစ်ဦးဖြစ်သည့်အတွက် ဘင်ဖီကာအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;One Football*

# ရက်ရှ်ဖို့ဒ်က ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့မည့်အစီအစဉ်ကိုရုပ်သိမ်းပြီး မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းမည်

**မန်ချက်စတာ ဇွန် ၃**


မန်ယူအသင်းမှ ဘာစီလိုနာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားနေသည့် တိုက်စစ်ကစားသမားရက်ရှ်ဖို့ဒ်က ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့မည့်အစီအစဉ်ကိုရုပ်သိမ်းပြီး မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

ရက်ရှ်ဖို့ဒ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဘာစီလိုနာအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အငှားစာချုပ်ပါအချက်အလက်များအရ ဘာစီလိုနာအသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်မည့်အချက်ပါဝင်နေခြင်းဖြစ်သည်။

အစောပိုင်းက ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့ခြင်းမပြုတော့ဘဲ ဘာစီလိုနာအသင်း၌သာ ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ပြီး ဘာစီလိုနာအသင်းကလည်း အပြီးသတ်စာချုပ်ဖြင့်ခေါ်ယူရန်ကြိုးပမ်းခဲ့သည်။

သို့သော် ဘာစီလိုနာအသင်းက စာချုပ်ပါအချက်အလက်များအတိုင်း ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ သန်းကို ပေးချေလိုခြင်းမရှိဘဲ စတာလင်ပေါင် ၁၅ သန်းသာပေးချေလိုသည့်အတွက် မန်ယူအသင်းနှင့်ဘာစီလိုနာအသင်းတို့ကြား ညှိနှိုင်းမှုအဆင်မပြေဖြစ်ခဲ့သည့်အပြင် ရက်ရှ်ဖို့ဒ်ကိုယ်တိုင်ကလည်း မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းရန်သာ ဆုံးဖြတ်ခဲ့သည်။ ရက်ရှ်ဖို့ဒ်သည် လာမည့်ရာသီကြိုခြေစမ်းပွဲကာလမတိုင်မီ မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းရန် စီစဉ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*



# လီဗာပူးအသင်းက နည်းပြသစ်အဖြစ် နည်းပြအီရာအိုလာအား ခန့်အပ်ရန် သဘောတူညီမှုရရှိပြီး မကြာမီ တရားဝင်စာချုပ် ချုပ်ဆိုရန်စီစဉ်

**လန်ဒန် ဇွန် ၃**

လီဗာပူးအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဘုန်းမောက်အသင်းနည်းပြ အီရာအိုလာအား ခန့်အပ်ရန် သဘောတူညီမှုရရှိပြီး မကြာမီ တရားဝင်စာချုပ် ချုပ်ဆိုရန်စီစဉ်ထားကြောင်း သိရသည်။

လီဗာပူးအသင်းနည်းပြဟောင်း အာနီဆလော့သည် အသင်းကို ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက စတင်တာဝန်ယူကိုင်တွယ်ခဲ့ရာ အသင်းကို ပရီးမီးယားလိဂ်ဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် စံချိန်တင်ရလဒ်များဆိုးရွားခဲ့သည့်အတွက် ယခုဘောလုံးရာသီအကုန်မှာပင် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။

အသက် ၄၃ နှစ်အရွယ် နည်းပြ အီရာအိုလာသည် ၂၀၂၃ ခုနှစ်က ဘုန်းမောက်အသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ယခုဘောလုံးရာသီတွင် အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်သည့်အပြင် လာမည့်ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ဘုန်းမောက်အသင်းနှင့် နည်းပြ အီရာအိုလာတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ယခုလကုန်တွင် ကုန်ဆုံးမည်ဖြစ်၍ ဘုန်းမောက်အသင်းက အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်သည့် နည်းပြ အီရာအိုလာကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း နည်းပြ အီရာအိုလာကိုယ်တိုင်က ထိပ်တန်းအသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်လိုသည့်အတွက် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းနှင့် နည်းပြအီရာအိုလာတို့ ပြီးခဲ့သည့်ရက်ပိုင်းက ဆွေးနွေးမှုများလုပ်ဆောင်အပြီးတွင် နည်းပြအီရာအိုလာကိုယ်တိုင်က အသင်းကိုကိုင်တွယ်လိုသည့်အတွက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ *Ref;Fabrizio Romano*

# ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုအား ကြည့်ရှုအားပေး

ပဲခူး ဇွန် ၃

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးခရိုင် သနပ်ပင်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို ကြည့်ရှုသည်။

ဦးစွာ ပဲခူးခရိုင် သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သနပ်ပင်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် ဈေးပိုင်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့၌ ကျောင်းသား၊ ကျောင်းသူများ သတ်မှတ်အတန်းများအလိုက် စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု၊ ဆရာ၊ ဆရာမများ၏သင်ကြားပြသပေးနေမှု၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ ပြည့်စုံစွာထောက်ပံ့ပေးအပ်ထားရှိမှုကို ကြည့်ရှုအားပေးပြီး အခြေခံပညာကျောင်းများအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

(၄၁၀)

# တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြိတ်ဆန်စပါးကုန်သည်ကြီးများအသင်းတို့ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး

ပုသိမ် ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြိတ်ဆန်စပါးကုန်သည်ကြီးများအသင်းတို့ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်ဟိုတယ်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြိတ်ဆန်စပါးကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြိတ်ဆန်စပါးကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများသည် နှစ်ဖက်သဘောတူစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး(U-18) ဘောလုံးအသင်းအားကြိုဆိုဂုဏ်ပြုပွဲသို့တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်တို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဟိုပုံးမြို့ လူထုအခြေပြုဗဟိုဌာန၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲတက်ရောက်



ဟိုပုံး ဇွန် ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းသူများကို သင်တန်းသုံး သင်ထောက်ကူပစ္စည်းများပေးအပ်၍ သင်ထောက်ကူပစ္စည်းများကိုလှည့်လည်ကြည့်ရှုသည်။ သင်တန်းကို ဇွန်လ ၃ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## ထူးခြားသည့်နေ့အပူချိန်များ

၃-၆-၂၀၂၆

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၈ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**
အောင်အောင်ဇော်(ဘ)ဦးထွန်းမြင့် ၁၂/ကမရ(နိုင်)၀၅၇၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သန္တာမျိုးမြင့်(ဘ)ဦးမျိုးမြင့် ၁၃/နခတ(နိုင်)၀၇၀၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 210667)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၀၂၁၂၁၁

**ပျောက်ဆုံးကြောင်း**
ပိုင်ပိုင်စိုး(ဘ)ဦးသောင်းလှိုင် ၁၂/ခရန(နိုင်)၁၂၄၅၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ဆိုင်းခမ်းခွန်(ဘ)ဦးပီတာဇော်မော် ၁/မကန(နိုင်)၂၁၅၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မေသူခိုင်(ဘ)ဦးစိန်တင် ၁၂/ဒဂတ(နိုင်)၀၆၁၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၉၄၇၃၉၆

**ပျောက်ဆုံးကြောင်း**
ခိုင်ခိုင်စန်း(ဘ)ဦးသောင်းရွှေ ၁၂/မဂတ(နိုင်)၀၄၅၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်း(ဘ)ဦးဟန်စိန် ၁၂/ရကန(ပြု)၀၀၁၅၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၉၈၀၀၉၂

**ပျောက်ဆုံးကြောင်း**
ခန့်စည်သူ(ဘ)ဦးအောင်နေ ၅/ပလန(နိုင်)၁၅၇၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၈၈၆၆၂၅

**ပျောက်ဆုံးကြောင်း**
ဇင်ကိုမင်း(ဘ)ဦးမျိုးညွန့် ၈/မဘန(နိုင်)၁၅၅၀၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၇၄၄၆၂၃၇

**ပျောက်ဆုံးကြောင်း**
စိုးသက်အောင်(ဘ)ဦးစိန်ဟန် ၁၄/ဘကလ(နိုင်)၁၅၇၃၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**
အနိူင်းမဲ့မိုး(ဘ)ဦးအောင်ကျော်မိုး ၁၂/စခန(နိုင်)၀၈၇၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ယွန်းဝတီမိုးနိုင်(ဘ)ဦးအောင်မိုးနိုင် ၆/ပလန(နိုင်)၁၂၀၅၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၇၄၉၁၈၃၂

**ပျောက်ဆုံးကြောင်း**
သက်အောင်စံ(ဘ)ဦးဝင်းထွန်း ၁၂/ကမရ(နိုင်)၀၆၇၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၁၉၉၃၆၀၇

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၂/မမ/စာရေးကိရိယာ/ ဌာနခွဲအသီးသီး | နိုင်ငံခြားစက္ကူ(၆)မျိုးနှင့် မိတ္တူကူးစက် ဆက်စပ်ပစ္စည်း(၂၁)မျိုးဝယ်ယူရန် |
| ၂ | ၆၉/မမ/ဌာနခွဲအသီးသီး | ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်း(၃၁)မျိုးဝယ်ယူရန် |
| ၃ | ၇၀/မမ/CE | Chair Plate(2112)Nos ဝယ်ယူရန် |
| ၄ | ၇၁/မမ/CE | လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်း(၁၈)မျိုးဝယ်ယူရန် |
| ၅ | ၇၂/မမ/CE | – 30 Ton Excavator With Breaker(Complete Set)(1)Set<br>– Wheel Loader, Bucket Capacity–3.2 $m^3$ (1) No |
| ၆ | ၇၃/မမ/CME | လေအိတ်ဘိုဂီအထက်တန်း(၃)တွဲနှင့် ပထမတန်း(၂)တွဲအသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သောပစ္စည်း(၂၇၈)မျိုးဝယ်ယူရန် |
| ၇ | ၇၄/မမ/CME | ကုန်တွဲ Well wagon (5)Nos ဝယ်ယူရန် |
| ၈ | ၇၅/မမ/ S & T | အချက်ပြနှင့် ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း(၁၀)မျိုးဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် – အမှတ်စဉ်(၁)မှ(၃)အထိ (၁၈-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၄)မှ(၈)အထိ (၂-၇-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၄-၆-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အလက ဇီးဖြူခင်၊ Grade-6 မှ မဝေဝေအောင်၏ဖခင်အမည်မှန်မှာ ဦးမြတ်သူ ၇/ညလပ(နိုင်)၁၄၃၂၉၇ ဖြစ်ပါကြောင်း။
**ဦးမြတ်သူ**

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာနေ ဇင်ကိုကိုကျော်(ဘ)ဦးကျော်လှိုင်ဦး ၉/လဝန(နိုင်)၃၀၅၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၄၅၈၄၆၂

### NAWARAT GLOBAL ENGINEERING SERVICES COMPANY LTD
### မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၆ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးရဲထွန်းဝင်းမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအားဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်းနောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN (H.G.P.,LL.,B ) | YE TUN WIN |
| HIGH COURT ADVOCATE | Managing Director |
| INSOLVENCY PRACTITIONER(103594) | NAWARAT Global Engineering |
| YANGON, MYANMAR. TEL: 09-5043046 | Services Co.,Ltd. |

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ မာန်ပြေ(၄)လမ်း(အနောက်)ရှိ အမှတ်-၁၀၀၀၊ (၆)ထပ်တိုက်၏(၆)လွှာ(ဝဲဘက်ခြမ်း)၊ ဧရိယာ(၂၅ ပေx ၅၄ ပေ)၂ခန်းတွဲရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခိုင်စုအောင် ၁၂/စခန(နိုင်)၀၆၆၅၃၅ မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ် ဦးမြင့်ဝင်း ၁၄/ဘကလ(နိုင်)၁၄၄၀၆၀ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အထက် အဆိုပါတိုက်ခန်းအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ဦးမြင့်ဝင်း ၁၄/ဘကလ(နိုင်)၁၄၄၀၆၀၊ ဖုန်း-၀၉၂၆၁၆၅၀၁၀၂**

### ဖခင်အမည်မှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က(ခွဲ)ရွားချောင်း Grade-6 မှ မောင်လမင်းကိုကို၏ဖခင်အမည်မှန်မှာ ဦးသန်းတိုးလေး ၉/ငဇန(နိုင်)၀၈၅၅၇၃ ဖြစ်ပါကြောင်း။
**ဦးသန်းတိုးလေး**

### ပျောက်ဆုံးကြောင်း
ဦးကျိုသီး(ခ)ဦးမြင့်ဝေ(ဘ)ဦးစု ၁၃/တခလ(နိုင်)၀၃၆၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၂၃၄၀၆၁

### ပျောက်ဆုံးကြောင်း
မျိုးမင်းအောင်(ဘ)ဦးကျော်မြင့် ၉/တသန(နိုင်)၁၂၃၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပပဝင်း(ဘ)ဦးတင်ဦး ၈/ဆပဝ(နိုင်)၁၁၉၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးတူးဂျာ(ဘ)ဦးကျန်းမာလ ၁/ဝမန(နိုင်)၀၃၈၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 824715)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဘဝသစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 မှ အဘ ဦးကျော်ကျော်ထွန်း၏သမီး မမေဘုန်းပြည့်သော်အား မမေမိုးသန့်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မမေမိုးသန့်ဖြူ**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စု၊ ဖောဓိကုန်းကျေးရွာနေ မနှင်းဝေလှိုင်(1st-Eco)၊ မသန္တာလှိုင်၊ Grade-11၊ အထက၊ မဒေါက်၊ မခင်မျိုးလှိုင်၊ Grade-11၊ အထက၊ မဒေါက်တို့၏ဖခင်အမည်မှန်မှာ ဦးမျိုးတင့်၇/ညလပ(နိုင်)၁၁၃၈၂၁ ဖြစ်ပါကြောင်း။ **ဦးမျိုးတင့်**

### ပျောက်ဆုံးကြောင်း
ပျော်ဘွယ်မြို့နေ မောင်ခင်မောင်ချင်း(ဘ)ဦးသန်းဝင်း၉/ပဘန(နိုင်)၂၇၃၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 046021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၉၂၂၈၄၆

# အလိမ္မာစာမှာရှိ

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ အောက်အိုအနောက်ကျေးရွာနေ အဘ ဦးစန်းနိုင်ဦး၏သား မောင်ကောင်းထက်နိုင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၈၃၄၉၁ အရ မောင်ကောင်းခန့်မင်းဖြစ်ပါကြောင်း။ **မောင်ကောင်းခန့်မင်း**

### အမည်မှန်
ရေစကြိုမြို့၊ နှစ်ထောင်ပြည့်ရပ်ကွက်နေ အဘ ဦးထန်၏သား ဦးကျော်ကျော်မိုး၏အမည်မှန်မှာ ၈/ရစက(နိုင်)၀၉၁၀၃၃ ဦးကျော်မိုးဖြစ်ပါကြောင်းနှင့် မကေဇင်မိုး၏အမည်မှန်မှာ ကျောင်းဝင်အမှတ် ၈၉၈၅ အရ မခင်မြတ်နိုးဖြစ်ပါကြောင်း။
**ဦးကျော်မိုး၊ မခင်မြတ်နိုး**

### MIN MIN THU COMPANY LIMITED
### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဇွန်လ(၃)ရက် ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် MIN MIN THU COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ငွေငွေမာ(B.Com, CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178)(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-103820)အားခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ငွေငွေမာထံသို့ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၈)ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Min Min Thu | ဒေါ်ငွေငွေမာ |
| Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| MIN MIN THU | (B.Com,CPA) |
| COMPANY LIMITED | အမှတ်(၂၅)၊ ၅ လွှာ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ |

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အ.ထ.က(၁)တွင် Grade-10 ထိ ပညာသင်ကြားခဲ့သော မောင်မျိုးပိုင်၏ဖခင် ဦးနိုင်၏အမည်မှန်မှာ ၈/ရစက(နိုင်)၀၈၀၄၀၅ အရဦးမောင်နိုင်ဖြစ်ပါကြောင်း။ **ဦးမောင်နိုင်**

### ပျောက်ဆုံးကြောင်း
မိုးငြိမ်းအေး(ဘ)ဦးသန်းမောင် ၁၁/စတန(နိုင်)၁၃၀၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 261229)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၉၉၅၄၀၀

### ပျောက်ဆုံးကြောင်း
ဆန်းစိုးနွယ်(ဘ)ဦးမောင်အေးနု ၉/လဝန(နိုင်)၂၉၇၆၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 261230)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၉၉၅၄၀၀

### ပျောက်ဆုံးကြောင်း
ဆန်းဆန်းရီ(ဘ)ဦးမောင်အေးနု ၁၁/စတန(နိုင်)၀၉၀၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 261231)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၉၉၅၄၀၀

### မွေးသက္ကရာဇ်အမှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းနေခင်ကျေးရွာနေ အဘ ဦးမောင်သော်၏သမီး မခင်နှင်းဌေး ၈/ဂဂန(နိုင်)၀၇၃၉၅၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၅-၁၉၈၇ ဖြစ်ပါကြောင်း။ ၂-၅-၁၉၈၇

### မွေးသက္ကရာဇ်အမှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းနေခင်ကျေးရွာနေ အဘ ဦးမြင့်သိန်း၏သား ဦးအောင်ဖြိုးထက် ၉/တကန(နိုင်)၁၃၆၀၆၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၃-၁၉၈၉ ဖြစ်ပါကြောင်း။ ၂၀-၃-၁၉၈၉

### ပျောက်ဆုံးကြောင်း
ဘီဘီလင်း(ဘ)ဦးလားလျံထန် ၅/ကလထ(နိုင်)၂၁၃၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဆန်းနော်လ်(ဘ)ဦးဖွန်ကျုံး ၅/ကလထ(နိုင်)၂၆၉၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၂၃၄၆၂၁

### ပျောက်ဆုံးကြောင်း
နန့်စန်းစန်းထွေး(ဘ)ဦးအောင်ငွေး ၁၄/ပတန(နိုင်)၁၂၆၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၃၁၂၆၁၁၉၅

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှထိန်းသိမ်းထားရှိသော အောက်ဖော်ပြပါ တွန်းသင်္ဘော(၃)စင်းအား တစ်စင်းချင်းစီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) Tug Cathay – 3(သံခွံ)
- (၁) IMO နံပါတ် - ၉၄၄၇၅၀၀
- (၂) မှတ်ပုံတင်အလေးချိန် - ၁၅၃ တန်
- (၃) သင်္ဘောအလျား - ၂၁.၉၆ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၃၂ မီတာ
- (၅) ရေစူး - ၃.၂၀ မီတာ

(ခ) Tug Cathay – 7(သံခွံ)
- (၁) IMO နံပါတ် - ၉၄၈၉၁၃၂
- (၂) မှတ်ပုံတင်အလေးချိန် - ၁၄၄ တန်
- (၃) သင်္ဘောအလျား - ၂၁.၉၆ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၃၂ မီတာ
- (၅) ရေစူး - ၃.၂၀ မီတာ

(ဂ) Tug Cathay – 21(သံခွံ)
- (၁) IMO နံပါတ် - ၉၃၁၁၉၃၃
- (၂) မှတ်ပုံတင်အလေးချိန် - ၁၂၂ တန်
- (၃) သင်္ဘောအလျား - ၂၁.၈၁ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၀၀ မီတာ
- (၅) ရေစူး - ၂.၉၀ မီတာ

၂။ တင်ဒါလျှောက်လွှာများအားစိစစ်ရာတွင် နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်(၁/၂၀၁၇) အပိုဒ် ၂၃/၂၄ နှင့်အညီ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါရေယာဉ်(၃)စင်းအား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆိပ်ကမ်းနယ်နိမိတ်အတွင်း ထိန်းသိမ်းထားရှိပြီးဖြစ်၍ ပြည်တွင်း/ပြည်ပကုမ္ပဏီများအနေဖြင့် ရေယာဉ်အားကိုယ်တိုင်ကြည့်ရှုလေ့လာပြီးနောက် စိတ်ပါဝင်စားမှုရှိပါက တင်ဒါတွင်ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ **(နိုင်ငံခြားကုမ္ပဏီများ ပါဝင်ယှဉ်ပြိုင်မည်ဆိုပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ endorsement ပါရှိရပါမည်။)**

၄။ လျှောက်လွှာများအား အောက်ပါအတိုင်းဝယ်ယူနိုင်ပါသည်
- (က) တင်ဒါလျှောက်လွှာများ – ဝယ်ယူရမည့်နေရာ — ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်
- (ခ) တင်ဒါလျှောက်လွှာများ – ရောင်းချရမည့်ရက် — ၄-၆-၂၀၂၆ မှ ၂၃-၆-၂၀၂၆ ထိ (ရုံးချိန်)
- (ဂ) တင်ဒါလျှောက်လွှာများ – တင်သွင်းရမည့်နေရာ — မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်)
- (ဃ) တင်ဒါလျှောက်လွှာများ – တင်သွင်းရမည့်ရက်/အချိန် — ၂၅-၆-၂၀၂၆(၁၃၀၀)နာရီ

၅။ ဤတင်ဒါသည် ၁၉၀၈ ဆိပ်ကမ်းများ အက်ဥပဒေ ပုဒ်မ ၁၁ နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေ ၂၀၁၅ ပုဒ်မ ၆၆(ခ) တို့အရ လေလံတင်ရောင်းချခြင်းဖြစ်သဖြင့် အဆိုပါဥပဒေပြဋ္ဌာန်းချက်တစ်ခုခုအရ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် တင်ဒါတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ဖျက်သိမ်းခွင့်ရှိပြီး ထိုသို့ဖျက်သိမ်းခြင်းအား ပြန်လည်၍အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်-
- (က) ရေကြောင်းဌာန – 018246380, 018387117 လိုင်းခွဲ(211)
- (ခ) ဗဟိုပစ္စည်းထိန်းဌာန – 081610230

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### ပျောက်ဆုံးကြောင်း
မောင်ထွန်းလင်းမျိုး(ဘ)ဦးကြည်စိန် ၉/ကဆန(နိုင်)၁၂၄၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၉၀၉၁၁၆

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က(ခွဲ)အ.လ.က(၃) Grade-7 မှ ကျောင်းဝင်အမှတ် ၀၁၈၇ မဇွန်နှင်းလှိုင်၏ဖခင် ဦးဇော်ဝင်းရှိန်၏အမည်မှန်မှာ ဦးကျော်မင်းစိုး ၈/တတက(နိုင်)၁၇၀၉၃၂ ဖြစ်ပါကြောင်း။ **ဦးကျော်မင်းစိုး**

### ပျောက်ဆုံးကြောင်း
အာကာမိုးမြင့်(ဘ)ဦးကျော်မိုးဦး ၅/ကလဝ(နိုင်)၀၆၀၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျော်ဇင်ဦး(ဘ)ဦးဝင်းမြင့် ၇/ဒဥန(နိုင်)၁၇၆၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၇၆၈၈၄

### ပျောက်ဆုံးကြောင်း
နုနုလွင်(ဘ)ဦးထင်ပေါ် ၇/ညလပ(နိုင်)၁၇၅၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နန်းမူးဖိုးအိုင်(ဘ)ဦးဝယ်ဆာ ၃/လဘန(နိုင်)၁၄၄၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 192961)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ကေသီခိုင်(ဘ)ဦးစိန်တင် ၁၂/ဒဂတ(နိုင်)၀၇၈၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၁၈၂၃၁



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ
STARMART အရောင်းဆိုင်များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
KHA YAE PIN MART
Lemon Tea
PYIN OO LWIN NAN MYAING




အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/၈၀
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့




ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue)ကျင်းပ
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်၍အဖွင့်အမှာစကားပြောကြား

**ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue)တွင် အဖွင့်အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၃

မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue) ကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့ရှိ The Taj Mahal Palace ဟိုတယ်၌ကျင်းပရာ အိန္ဒိယနိုင်ငံသို့တရားဝင်ခရီးစဉ် ရောက်ရှိနေသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲကျင်းပမည့် The Taj Mahal Palace ဟိုတယ်သို့ရောက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ➜

## AYA Tri – Nation Cup 2026 လက်ရွေးစင်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၃

AYA Tri– Nation Cup 2026 လက်ရွေးစင်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ဇွန်လ ၆ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ မြဝတီ

## ဒုတိယသမ္မတ ဦးညိုစော ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး H. E. Mr. Anton Kobyakov နှင့် ရောစ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ

စာ - ၁၁ သို့

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်)(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၈ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

စာ - ၁၄ သို့